# ကြေးမုံ
## The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (29-6-2004) (၄၂၇၉)


ဗာဟုသစ္စ၃ တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် WIPO ဒုညွှန်ချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန်　ဇွန်　၂၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် World Intellectual Property Organization (WIPO) မှ Deputy Director General Mr. Geoffrey Yu နှင့် အဖွဲ့အား ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် World Intellectual Property Organization (WIPO) မှ Deputy Director General Mr. Geoffrey Yu နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ကျင်းပ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန်　ဇွန်　၂၈

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ခုဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

# အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၂၉–၆–၂၀၀၄
(အင်္ဂါနေ့)

# ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပြု ခဝါရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်

စိုက်ပျိုးရေးကဏ္ဍသည်ပြည်သူများ၏ စားနပ်ရိက္ခာပြည့်စုံဖူလုံရေးနှင့် ဆက်စပ်လျက်ရှိသည်။ ထို့အပြင် နိုင်ငံသူ၊နိုင်ငံသားအများစုကြီးဖြစ်သည့် တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အစီအမံများကို နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။

ပဲခူးတိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီးရှိ ခဝါချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် ခဝါရေလှောင်တမံကို ဇွန်လ ၂၅ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ခဝါရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျေးရွာများမှဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်၏ စေတနာကိုသိမြင်သဘောပေါက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ခဝါရေလှောင်တမံသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဆိုပါ ရေလှောင်တမံကို တည်ဆောက်လိုက်သည့်အတွက် လယ်မြေဧက ၂၀၀၀ ကို စိုက်ပျိုးရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ရှိကျေးရွာများသို့ သောက်သုံးရေပါ ဖြန့်ဖြူးပေးဝေသွားနိုင်မည်ဖြစ်သည်။

ခဝါရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်းရှိကျေးရွာအုပ်စုများမှ ကျေးလက်ပြည်သူခုနစ်ထောင်ကျော်တို့၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်လာနိုင်ကြပြီး ဒေသစီးပွားရေးလည်း တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။

ပဲခူးတိုင်းသည် ရေသယံဇာတ၊ မြေသယံဇာတ ကြွယ်ဝသော ဒေသဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုစွမ်းအားဖြင့် နိုင်ငံတော်ကို အထောက်အကူပြုလျက်ရှိသည်။ ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် ယခုဖွင့်လှစ်သည့် ခဝါရေလှောင်တမံအပါအဝင် ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါးကြီးပေါင်း ၄၀ ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာရေးအတွက် နိုင်ငံတော်တစ်ဝန်း၌ ဆည်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးပေါင်းများစွာကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိရာ ခဝါရေလှောင်တမံအပါအဝင် ၁၆၁ ခု တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ စိုက်ပျိုးရေရရှိရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်တည်ဆောက်ခဲ့ရာ နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၇၀၄၇၃ သန်း ကျခံသုံးစွဲခဲ့သည်။ အကျိုးရလဒ်ကောင်းအဖြစ် လယ်ယာမြေဧက နှစ်ဆယ့်တစ်သိန်း ကျော်ကို အကျိုးပြုလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု ဆည်တမံပေါင်းများစွာကို ငွေကြေး၊ လုပ်အားများရင်းနှီးစိုက်ထုတ် တည်ဆောက်ပေးလျက်ရှိရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တောင်သူလယ်သမားများအနေဖြင့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးကြရေး၊ ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်ခံ့စွာ အသုံးပြုနိုင်စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## အလုပ်သမားဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် ဇွန် ၂၈**

အလုပ်သမားဝန်ကြီးဌာန၏ ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံအနီးရှိ လူမှုဖူလုံရေးအဖွဲ့ ပင်မဆေးသိုလှောင်ရေးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း တက်ရောက်၍ ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်တို့က အလုပ်သမားဝန်ကြီးဌာနအောက်ရှိဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများအား ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယင်းအခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းသားသမီး စုစုပေါင်း ၁၇၅၅ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေမှာ ငွေကျပ် ၄၁၀၃၅၀၀ ဖြစ်သည်။

(သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**ဇွန် ၂၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် World Intellectual Property Organization (WIPO) မှ Deputy Director General Mr. Geoffrey Yu အား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်း–ရှေ့ဖုံး) **(သတင်းစဉ်)**

## ရန်ကုန်မိုးရေချိန်

**(၂၈–၆–၂၀၀၄)**

| | | |
|---|---|---|
| **ကမ္ဘာအေး** | **–** | **၀ ဒသမ ၀၈ လက်မ** |
| **ရန်ကုန်မြို့လယ်** | **–** | **၀ ဒသမ ၀၄ လက်မ** |

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကြီးမှူးကျင်းပသော လူငယ်များအတွက် ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၂၆ရက်က တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပစဉ်။** (၆၄)



## ရည်မျှော်မှန်းတဲ့ ဒို့အောင်ပွဲ

☆ ညောင်နှစ်ပင်
နောင်အစဉ်သမိုင်းတွင်ရစ်
မျိုးချစ်တို့ စုဝေးရာ
အမျိုးသားညီလာခံ
အကျိုးတရားပြည်သာရန်။

☆ ပြည်သူတို့ ကြည်ဖြူလို့
ညီတူစို့ လက်တွဲရုံ။

☆ မဟုတ်မမှန်
ပြည်ပကအသံ
ချိုးဖျက်ဖို့ ထိုးနှက်လို့
မျိုးဖျက်သူတို့အကြံ
အရေးမလုပ်တာအမှန်။

☆ ထက်နဘံ ဘဝဂ်ညံအောင်ပ
သောင်းသောင်းဖြဖြ
ထောက်ခံကြသမို့ လက်တွဲညီ
ဦးမော့လို့ ရင်ကော့ချီ
တပ်ဦးဆီကညီနောင်တော်
ပြည်သူနှင့်တပ်မတော်
အောင်လံလွှင့်လို့ လက်တွဲခေါ်
ရည်မျှော်မှန်းတဲ့ ဒို့အောင်ပွဲ
ရောက်မည်ဧကန်မလွဲ။ ။

ဆွမ်ပရာဂမ်

**စစ်ဆေး**

ဇွန် ၂၆ ရက်က ဘဂ္ဂဒက်မြို့တော် ဆင်ခြေဖုံးဒေသ အဘူဂါရိပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နေအိမ်တစ်အိမ်အတွင်း ဝင်ရောက် စစ်ဆေးမေးမြန်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# အီရတ်ကို သိမ်းပိုက်ခြင်းမပြုမီက မိမိတို့လျှော့တွက်ခဲ့ အထင်နှင့်အမြင်လွဲကြောင်း ကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဝါရှင်တန် ဇွန် ၂၈

**အမေရိကန်ပြည်ထောင်စုက ကျူးကျော်ဝင်ရောက်ခြင်းမပြုမီက အီရတ်တို့အပေါ် လျှော့တွက်မိခဲ့ကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရစ်ချတ်ဟာမီတိတ်ချ်က အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များကော်မတီ ကြားနာစစ်ဆေးရာတွင် သောကြာနေ့က ပြောကြားလိုက်သည်။**

မိမိတို့သည် ရန်သူကို လျှော့တွက်မိခဲ့သည်ဟု ထင်မြင်မိကြောင်း၊ ရန်သူကို မိမိတို့ ကနဦးတိုက်ခိုက်ရာတွင် ပြင်းပြင်းထန်ထန် မတိုက်ခိုက်ခဲ့ရကြောင်း၊ ရန်သူမှာ တဖြည်းဖြည်း ပျောက်ကွယ် သွားပြီးနောက် ဘွားကနဲ ပြန်ပေါ်လာသည်ကို တွေ့နေရပြန်ကြောင်း၊ ယင်းသည် နံပါတ်(၁)အချက် ဖြစ်ကြောင်း စသည်ဖြင့် ဟာမီတိတ်ချ်က ပြောကြားသည်။

**မတွက်ချက်နိုင်**

ဒုတိယ အချက်အားဖြင့် အီရတ်နိုင်ငံသည် ၎င်းနိုင်ငံအပေါ် အရေးယူကန့်သတ်မှုများပြုလုပ်ထားမှုကို ရှောင်လွှဲရန် ကြိုးပမ်းမှုအောက်ဝယ် ရာဇဝတ်ပြစ်မှုမကင်းသည့် လူ့အဖွဲ့အစည်းအဖြစ် ရောက်ရှိခဲ့ရပုံနှင့် ပတ်သက်၍ မိမိတို့ မှန်မှန်ကန်ကန် မတွက်ချက်နိုင်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

တတိယ အချက်အားဖြင့် ရန်သူတွင် ဗဟိုတိုက်ခိုက်ရေးကွန်ရက်စနစ်ရှိသည့် အတိုင်းအတာကို မိမိတို့ လျှော့တွက်မိခဲ့ကြကြောင်း၊ အီရတ်တွင်ဖြစ်ပွားသည့် တိုက်ခိုက်မှုများက ယင်းကွန်ရက်စနစ်ရှိကြောင်း ဖော်ထုတ်ပြသနေသဖြင့် မိမိတို့ အထင်နှင့်အမြင်လွဲကြောင်းကို ဖော်ပြနေကြောင်းဖြင့် ဟာမီတိတ်ချ်က ပြောကြားသည်။

အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဘုရှ်က အီရတ်နိုင်ငံအား စစ်ဆင်နွှဲကြောင်း ကြေညာပြီးခဲ့သည့်နောက်တစ်နှစ်ကျော်၌ အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ အရှိန်မြင့်မားလာခဲ့ပြီး ကြာသပတေးနေ့က တိုက်ခိုက်မှုများ စဉ်ဆက်မပြတ်ဖြစ်ပွားခဲ့ရာ လူ ၉၀ ကျော် သေဆုံးခဲ့ကြရသည်။

**သေဆုံးခဲ့**

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၈၄၀ ကျော် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အီရတ်တွင် လုံခြုံရေးအခြေအနေ ဆိုးရွား စင်ကာပူနိုင်ငံသားများ အီရတ်သို့မသွားရန် သတိပေး

**စင်ကာပူ ဇွန် ၂၈**

အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေ ဆိုးရွားလာမှုကြောင့် စင်ကာပူနိုင်ငံသားများအနေဖြင့် အီရတ်နိုင်ငံသို့ ခရီးသွားရောက်ခြင်းမပြုရန် သို့တည်းမဟုတ် နေထိုင်ခြင်းမပြုရန် အကြံပြုထားသည့် ခရီးသွားလာရေးဆိုင်ရာ သတိပေးချက်တစ်ရပ်ကို စင်ကာပူက ထုတ်ပြန်လိုက်သည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကို အကြောင်းပြု၍ စင်ကာပူနိုင်ငံသားများအနေဖြင့် ယင်းနိုင်ငံသို့ မသွားရောက်ရန် သို့တည်းမဟုတ် မနေထိုင်ရန် တိုက်တွန်းထားကြောင်း စင်ကာပူနိုင်ငံခြားရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။

ယင်းဒေသတွင် နေထိုင်သူများ သို့မဟုတ် ယင်းဒေသအတွင်း ခရီးသွားလာသူများအနေဖြင့် အီရတ်နိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများကိုစောင့်ကြည့်လေ့လာသင့်ပြီး အနီးဆုံးသော စင်ကာပူသံရုံး သို့တည်းမဟုတ် ကောင်စစ်ဝန်ရုံးတွင် မှတ်ပုံတင်စာရင်းသွင်းကြရန်ကိုလည်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်လောင်းနှိုးဆော်ထားသည်။

အီရတ်နိုင်ငံရှိ အမေရိကန် ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့များအား ထောက်ခံမှု ပြသသည့်အနေဖြင့် စင်ကာပူက လေယာဉ်နှင့်သင်္ဘောအများအပြားကို အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အီတလီတပ်ဖွဲ့ဝင်များကို အီရတ်သို့ ထပ်မံစေလွှတ်မည်မဟုတ်ကြောင်း ပြောကြား

**ရောမ ဇွန် ၂၈**

အီတလီအစိုးရသည် အီရတ်နိုင်ငံသို့ အီတလီတပ်ဖွဲ့ဝင်များကို ထပ်မံစေလွှတ်ရန် မရည်ရွယ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီက ကြာသပတေးနေ့တွင် ပြောကြားသည်။

မကြာသေးမီက အီရတ်နိုင်ငံမှ အခြေအနေများသည် တည်ငြိမ်မှုမရှိဖြစ်ခဲ့သော်လည်း အီရတ်နိုင်ငံဆိုင်ရာ အီတလီ၏မူဝါဒမှာ မပြောင်းလဲကြောင်း ဖရက်တီနီက သတင်းထောက်များအား ပြောကြားသည်။

**တောင်းဆို**

အီရတ်ရှိ အီတလီတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးနှင့်ပတ်သက်၍ အီတလီတပ်ဖွဲ့ဝင်များအနေဖြင့် အခြေအနေကို အနီးကပ်စောင့်ကြပ်ရန် အီတလီအစိုးရက တောင်းဆိုထားကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အနေဖြင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန်နှင့် အီရတ်နိုင်ငံအား နည်းပညာပိုင်းနှင့် ထောက်ပို့ပစ္စည်းများ ကူညီဖြည့်ဆည်းရန် အီရတ်ဝန်ကြီးချုပ် အလာဝီ၏ မေတ္တာရပ်ခံချက်ကို အီတလီနိုင်ငံက ထောက်ခံကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**စေလွှတ်ခဲ့**

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်အား ဖယ်ရှားပြီးနောက်တွင် အီတလီနိုင်ငံသည် တပ်ဖွဲ့ဝင် ၃၀၀၀ ကို အီရတ်သို့ စေလွှတ်ခဲ့သည်။

ယခုနှစ်ဆန်းက ကျင်းပခဲ့သည့် အီတလီ ကက်ဘိနက်အဖွဲ့က အတည်ပြုခဲ့သည့်အမိန့် ဒီကရီအရ အီရတ်ရောက် အီတလီတပ်ဖွဲ့ဝင်၏တာဝန်သည် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း အီတလီအစိုးရသည် အီတလီတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်ကို ယခုနှစ်ကုန်အထိ သက်တမ်းတိုးချဲ့ရန် အင်္ဂါနေ့က ဆုံးဖြတ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာသတင်းများ

# အာဖဂန် အရှေ့ပိုင်း၌ တိုက်ခိုက်ခံရမှုကြောင့် ကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရ

**ကဘူး ဇွန် ၂၈**

အမေရိကန် မရိန်းတပ်ဖွဲ့က အစ္စလမ္မစ်တိုက်ခိုက်ရေးသမားများအား ချေမှုန်းသည့် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်စဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန် စစ်ဘက်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

**သေဆုံး**

ပါကစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်း ထိနေသည့် ကူနာပြည်နယ်တွင် ဖော်ပြပါ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး ကြာသပတေးညနေက သေဆုံးခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတပ်ကြပ်ကြီး စင်ဒီဘင်းက ပြောကြားသည်။

**ဒဏ်ရာရရှိ**

ဒဏ်ရာရရှိသော မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ သေနတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဖော်ပြပါ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး မည်သို့မည်ပုံ သေဆုံးသည်ကို မသိကြောင်းနှင့် အခြားအသေးစိတ်သတင်းများ မရရှိကြောင်း စင်ဒီဘင်းက ပြောကြားသည်။

**ဖြစ်ပွား**

သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် ပါကစ္စတန်နယ်စပ်နှင့်နီးသည့် တောင်ထူထပ်ရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကူနာဒေသခံများက ဆက်လက် ပြောကြားသည်။ သေဆုံးသူ မရိန်းတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို အဆိုပါ ဒေသခံများက တွေ့မြင်လိုက်ကြောင်းနှင့် ၎င်းတို့သည် တိုက်ခိုက်ရေးရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်ခံရဖွယ်ရှိကြောင်း ပြောကြားသည်။

**၁၉ ဦးရှိ**

အမေရိကန်ပြည်ထောင်စုက အာဖဂန်နစ္စတန်နိုင်ငံအတွင်း စတင်ဝင်ရောက်ခဲ့သည့် အချိန်မှစ၍ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် အပါအဝင် သေဆုံးသည့် တပ်ဖွဲ့ဝင်ဦးရေ ၁၉ ဦးရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇွန် ၂၃ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တောင်ကိုရီးယားပြည်သူများ အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)



**နိုင်ငံတကာ သတင်းများ**

# ခုခံတိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွား အီရတ်နိုင်ငံ၏ လုံခြုံရေး စိုးရိမ်ဖွယ်ကောင်း

အင်နစ်(အိုင်ယာလန်) ဇွန် ၂၈

**အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများကြောင့် လအနည်းငယ်အတွင်း အီရတ်နိုင်ငံ အစိတ်စိတ်အမွှာမွှာ ကွဲသွားနိုင်ကြောင်း၊ အီရတ်၏ လုံခြုံတည်ငြိမ်ရေးအခြေအနေ တိုးတက်ကောင်းမွန်ခြင်း မရှိပါက အီရတ်ပြန်လည်တည်ဆောက်ရေးနှင့် ရွေးကောက်ပွဲကျင်းပရန် စီစဉ်မှုများနှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂ(အီးယူ)၏ အခန်းကဏ္ဍသည် အကန့်အသတ်ရှိနေမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် သတိပေးပြောကြားလိုက်သည်။**



ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော နေအိမ်တစ်လုံးကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံအတွက် နိုင်ငံတကာ အကူအညီရရှိရန် ကြိုးပမ်းသည့် အနေဖြင့် သမ္မတဘုရှ်သည် ယခုလအတွင်း ဒုတိယအကြိမ်မြောက် ဥရောပခရီးစဉ်ကို စတင်နေစဉ် အီးယူ ပြည်ပဆက်ဆံရေး မဟာမင်းကြီး ခရစ်ပက်တန်က စိတ်ဓာတ်ရေးရာအရ ထောက်ပံ့မှုများမှတစ်ပါး အခြားအကူအညီ အနည်းအကျဉ်းကိုသာ သမ္မတဘုရှ်အား ပေးနိုင်မည်ဟု ဆိုသည်။

**စိတ်သောကရောက်**

တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံသည် လာမည့်လ အနည်းငယ်အတွင်း အပိုင်းပိုင်း အစိတ်စိတ် ကွဲသွားနိုင်သည်ကို မိမိတို့ စိတ်သောကရောက်နေကြကြောင်း ပက်တန်က သတင်းထောက်များအား ပြောကြားသည်။

သမ္မတဘုရှ်သည် အီရတ်နိုင်ငံ၏ ဝန်ထုပ်ဝန်ပိုးအား မျှတခွဲဝေပေးရန် စိတ်အားထက်သန်လျက်ရှိနေပြီး အီရတ်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာ ထောက်ခံမှု ရရှိစေရေး ဆောင်ရွက်ရန် ရွေးကောက်ပွဲရာသီအတွင်း ဖိအားပေးမှုခံနေရသည်။

**အကူအညီပေး**

ပထမအကြိမ်မြောက် အီရတ်ရွေးကောက်ပွဲများအတွက် ပြင်ဆင်မှုပြုလုပ်နိုင်ရန် အီရတ်နိုင်ငံအား အီးယူက အကူအညီပေးလျက်ရှိကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံ၏ လုံခြုံရေး တိုးတက်မှု ရှိလာမှုအပေါ် မူတည်နေကြောင်း ပက်တန်က ပြောကြားသည်။

**တိုက်တွန်း**

အီရတ်နိုင်ငံနှင့် ဂွာတာနာမိုအကျဉ်းစခန်းရှိ အကျဉ်းသားများအား ဆက်ဆံကိုင်တွယ်မှုအပေါ် ဥရောပနိုင်ငံများက စိုးရိမ်မကင်းဖြစ်မှုအား လေးလေးနက်နက် အရေးယူ ဆောင်ရွက်ရန် ပက်တန်က ဘုရှ်အား တိုက်တွန်းပြီး ဂျီနီဗာသဘောတူညီချက်များအား နောက်ထပ် ကျူးလွန်ဖောက်ဖျက်ပါက ဒုက္ခကောင်းကောင်း တွေ့နိုင်ကြောင်းကိုလည်း ပြောကြားသည်။

ဥရောပသမဂ္ဂက အီရတ်မဲဆန္ဒရှင်များအား မဲပေးမှုဆိုင်ရာ ကော်မရှင် ထူထောင်ရန် အီရတ်ပြည်သူလူထုအား မဲပေးမှုဆိုင်သည့် ပညာပေးမှုများ ပြုလုပ်ရန်နှင့် အီရတ်ရွေးကောက်ပွဲအတွက် စောင့်ကြည့်လေ့လာရေး အကဲခတ်များထောက်ပံ့ပေးရန်အတွက် အားတက်သရော ကူညီရန် ရှိနေကြောင်းဖြင့် ပက်တန်က ထပ်လောင်းပြောကြားသည်။

**အဟန့်အတားဖြစ်**

သို့ရာတွင် လတ်တလော အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ တိုးမြင့်ပေါ်ပေါက်နေမှုသည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် အီးယူနှင့် အခြားနိုင်ငံများ ဆောင်ရွက်နေရာတွင် အဟန့်အတားများ ဖြစ်လျက်ရှိနေကြောင်း ပက်တန်က ပြောကြားသည်။

**လုပ်ငန်းများ ထိခိုက်မည်**

အီရတ်နိုင်ငံ၏ လုံခြုံရေးကိစ္စ ကောင်းမွန်ရန် ခက်ခဲမည်ဆိုပါက မိမိတို့ လုပ်ငန်းများ ထိခိုက်နေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု ကန်အထက်တန်းအရာရှိများ သိလျက်နှင့် လုပ်ဆောင်ခဲ့

ဘဂ္ဂဒက် ဇွန် ၂၇

**အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအပေါ် နှိပ်စက်မှု ကျယ်ပြန့်စွာ ပြုလုပ်နေမှုများနှင့် ပတ်သက်၍ ကန်တပ်ဖွဲ့အထက်တန်းအရာရှိများက သိရှိနေခဲ့ကြောင်း၊ ယင်းအတွက် အဆင့်နိမ့်တပ်ဖွဲ့ဝင်များအား ခားစာခံအဖြစ် အပြစ်ပုံမချသင့်ကြောင်း နှိပ်စက်ညှဉ်းပန်းမှုဖြင့် စွပ်စွဲခံထားရသူ တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦး၏ ရှေ့နေက သောကြာနေ့တွင် ပြောကြားလိုက်သည်။**

အထူးကျွမ်းကျင်သူ အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆာဘရီနာဟာမန်ကို စစ်ခုံရုံး တင်သင့်၊ မတင်သင့် အဆုံးအဖြတ်ပေးမည့် ဘဂ္ဂဒက်ရှိ ကြားနာပွဲတွင် ဖော်ပြပါ ရှေ့နေဖြစ်သူ ပရင့်ပင်နာက ပြောကြားခြင်းဖြစ်သည်။

**သိရှိနေ**

ဆာဘရီနာဟာမန်ထက် ရာထူးမြင့်မားသည့် ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက အဘူဂါရိပ် အကျဉ်းထောင် ကိစ္စကို သိရှိနေပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တစ်ကမ္ဘာလုံးရှိ ပြည်သူများက ဆာဘရီနာဟာမန်ကဲ့သို့ အတွေ့အကြုံနှင့် အဆင့်ရာထူးရှိသူမျိုးအပေါ် အပြစ်ပုံချမှုကို တွေ့မြင်လိုကြသည်ဟု မိမိ မထင်မြင်ခဲ့ကြောင်း၊ တစ်စုံတစ်ယောက်ချင်းစီကို ခုံရုံးတင် စစ်ဆေးရန် မသင့်ကြောင်း ဖရင့်စပင်နာက တရားသူကြီးအား ပြောကြားသည်။

**သံသယပွားစရာမရှိ**

အီရတ်ပြည်သူများမှာ ရုပ်ပိုင်းဆိုင်ရာအရ ကျယ်ပြန့်သည့် အတိုင်းအတာဖြင့် နှိပ်စက်ညှဉ်းပန်း ခံရသည်မှာ သံသယပွားစရာ မရှိကြောင်းဖြင့် စပရင်နာက ဆက်လက်ပြောကြားသည်။

အထက်တန်းအရာရှိ အသီးသီးကလည်း ယင်းဖြစ်ရပ်များကို သိရှိထားကြကြောင်း၊ ပြဿနာမှာ ဝန်ခံမှုမရှိသည့် ပြဿနာပင်ဖြစ်ကြောင်း၊ ယခုအခါမှ စွပ်စွဲချက်တင်ရန် လုပ်လာခြင်းဖြစ်ကြောင်း၊ မိမိတို့၏ မရိန်းတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များအား ချောင်ပိတ်မိနေသည့် အခြေအနေအတွင်း ထားစရာ မရှိကြောင်း ၎င်းက ပြောကြားသည်။

**အကျဉ်းချထား**

နှိပ်စက်ညှဉ်းပန်းမှုဖြင့် အဘူဂါရိပ် အကျဉ်းထောင်မှ အောက်တန်းအဆင့်ရှိ တပ်ဖွဲ့ဝင်များကို အကျဉ်းချထားခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောကြားထားသည်။

**လုပ်ဆောင်**

သို့ရာတွင် ယင်းနှိပ်စက်ညှဉ်းပန်းမှုကို အထက်တန်းအရာရှိများ သိလျက်နှင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တပ်ဖွဲ့ဝင်အချို့ဘက်မှ လိုက်သော ရှေ့နေအချို့က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသစ်များ မလေးရှား ကျင့်သုံးမည်

**ကွာလာလမ်ပူ ဇွန် ၂၈**

မလေးရှားနိုင်ငံသို့ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံကြရာတွင် လျင်မြန်စွာ လုပ်ငန်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး စိစစ်ခွင့်ပြုချိန်များကို လာမည့် ဩဂုတ် ၁ ရက်မှစ၍ တိုတောင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက သောကြာနေ့တွင် ပြောကြားခဲ့သည်။ ယခင်အခါက ပြည်ပရင်းနှီးမြှုပ်နှံရေး လုပ်ငန်းများကို ခွင့်ပြုနိုင်ရန် စိစစ်ချိန်သည် နှစ်လအထိ ကြာမြင့်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စိစစ်ခွင့်ပြုသည့် အလုပ်ကို ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကော်မတီ(အက်ဖ်အိုင်စီ)က တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**ဇွန် ၂၇ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ရှိ နေအိမ်များအတွင်းသို့ ဝင်ရောက်ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



# အီရတ်၌ ခုခံတိုက်ခိုက်မှုများအရှိန်မြင့်မားနေဆဲ

**ဘဂ္ဂဒက် ဇွန် ၂၇**

အီရတ်နိုင်ငံတွင် ယခုရက်သတ္တပတ်အတွင်း ပေါ်ပေါက်သည့်ဖြစ်စဉ်များကို ကြည့်ပါက ခုခံတိုက်ခိုက်မှုများ အရှိန်အဟုန်ရရှိလာနေမှုကို ဖော်ပြလျက်ရှိသည်။ အီရတ်နိုင်ငံတွင် အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ် ပိုမိုမြင့်မားလာပြီး အီရတ်အစိုးရအဖွဲ့ထံ အာဏာလွှဲပြောင်းပေးအပ်ရန် လေးရက်မျှသာ လိုတော့ချိန်တွင် ခုခံတိုက်ခိုက်မှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။

အီရတ်နိုင်ငံတွင် အမေရိကန်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ အဆုံးသတ်မှုဖြစ်ပေါ်ရန် အချိန်ကာလများစွာ ကြာမြင့်နိုင်သည့်အရေးကို အမေရိကန်စစ်ဘက်ဆိုင်ရာ တပ်မှူးအချို့က စိုးရိမ်ပူပန်လျက်ရှိသည်။

အီရတ်နိုင်ငံတွင် လာမည့်ဗုဒ္ဓဟူးနေ့တွင် အမေရိကန်တပ်ဖွဲ့က အုပ်ချုပ်ရေးအခွင့်အာဏာကို အီရတ်အစိုးရထံ လွှဲပြောင်းပေးအပ်ခြင်းမရှိမီမှာပင် ပေါ်ပေါက်နေပြီးဖြစ်သော တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း၊ ဆွန်နီ တိုက်ခိုက်ရေးသမားများသည် အီရတ်ကြားဖြတ်အစိုးရအဖွဲ့ ပြိုလဲသွားစေရန် တိုက်ခိုက်မှုများ ဆက်လက် ပေါ်ပေါက်နိုင်ကြောင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိသူများက ပြောကြားကြသည်။

အီရတ်နိုင်ငံတွင် ထိတ်လန့်စရာကောင်းသော တိုက်ခိုက်မှုများကို ဆွန်နီတိုက်ခိုက်ရေးသမားများက ဆက်လက်ပြုလုပ်နေဦးမည်ဟု မျှော်လင့်ရကြောင်း အမေရိကန်ကြည်းတပ်ဗိုလ်ချုပ် ဒေးဗစ်အိပ်ချ်ပီထရေးရပ်စ်က ပြောကြားသည်။***အင်တာနက်။***




# အီရတ်သို့ ကန်တပ်ဖွဲ့ဝင်များစေလွှတ်မှုမှားယွင်းသည်ဟု အမေရိကန်အများစုယုံကြည်

ဝါရှင်တန် ဇွန် ၂၈

**အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များစေလွှတ်နေခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်ကြောင်း ၅၄ ရာခိုင်နှုန်းသော အမေရိကန်နိုင်ငံသားတို့က ယခုအခါ ယုံကြည်ကြကြောင်း ကြာသပတေးနေ့ကထုတ်ပြန်သည့် လူထုသဘောထား စစ်တမ်းအသစ်တစ်ရပ်အရ သိရသည်။**

အမေရိကန်နိုင်ငံသားအများစုက အီရတ်စစ်ပွဲကြောင့် အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက် တိုက်ခိုက်မှု၏ဘေးအန္တရာယ်ကင်းရှင်းမှုနည်းသွားပြီဟု မယူဆကြောင်း ယူအက်စ်အေတုဒေး၊ စီအင်အင်နှင့် ဂေါ်အပ်အဖွဲ့တို့က တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိ ကောက်ယူခဲ့သော လူထုသဘောထား စစ်တမ်းတွင် ဖော်ပြထားသည်။

တစ်လမပြည့်ခင် အချိန်အတွင်း အီရတ်စစ်ပွဲနှင့်ပတ်သက်သည့် လူထုသဘောထားကို နောက်ထပ်တစ်ကျော့ ကောက်ယူခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက အီရတ်ကြားဖြတ်အစိုးရအား လာမည့်ရက်သတ္တပတ်တွင် အချုပ်အခြာအာဏာ လွှဲပြောင်းပေးသည့်တိုင်အောင် အီရတ်နိုင်ငံတွင် ဆက်လက်၍ အကြမ်းဖက်မှုများပေါ်ပေါက်နေမှုနှင့် အီရတ်စစ်ပွဲဖြစ်ပွားမှုသည် တရားမျှတမှုရှိကြောင်း ပြသထောက်ခံလာမှုသည် ဆုတ်ယုတ်လျော့ပါးနေပြီဖြစ်သည်။

ယမန်နှစ်က အီရတ်စစ်ပွဲဖြစ်ပွားစဉ်က လူသုံးဦးလျှင်တစ်ဦးက အီရတ်နိုင်ငံအား တပ်ဖွဲ့ဝင်များ စေလွှတ်နေမှုသည် မှားယွင်းမှု မဟုတ်ကြောင်း ပြောကြားခဲ့သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က ၅၈ရာနှုန်းသော ပြည်သူလူထုက ယင်းသဘောထားအား ဆက်လက်စွဲကိုင်ဆဲဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုနှင့် အီရတ်စစ်ပွဲဆက်စပ်မှုရှိကြောင်း သမ္မတဘုရှ်က ပြောကြားခဲ့ရာ ၅၅ရာခိုင်နှုန်းသောပြည်သူလူထုက အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်မှုနှင့်ပတ်သက်၍ တိုက်ခိုက်မှုအင်အားနည်းပါးမှုမှာ တဖြည်းဖြည်းမြင့်မားလာနေပြီဖြစ်ကြောင်းသဘောထားစစ်တမ်းတွင် ဖော်ပြထားသည်။ ၅၆ ရာခိုင်နှုန်းသော ပြည်သူလူထုက အကြမ်းဖက်တိုက်ခိုက်မှုအား ဆင်နွှဲတိုက်ခိုက်မှုသည် အမေရိကန်ပြည်ထောင်စုအား ပိုမိုလုံခြုံလာစေကြောင်း ဒီဇင်ဘာလအတွင်းက သဘောထားစစ်တမ်း ကောက်ယူရာတွင် ပြောကြားခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်စစ်ပွဲကို ထောက်ခံမှုရရန် ဘုရှ် လှည့်ဖြားခဲ့ဟု ရွန်ရေဂင် ဝေဖန်

**လော့စ်အိန်ဂျလိစ် ဇွန် ၂၈**

အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် အီရတ်စစ်ပွဲကို ထောက်ခံအားပေးမှုရရှိစေရေးအတွက် အမေရိကန်ပြည်သူတို့ကို လှည့်ဖြားခဲ့သည်ဟု မိမိယူဆကြောင်း ပြောကြားကာ အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်၏ သားအငယ်ဖြစ်သူ ရွန်ရေဂင်က အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒကို ပြစ်တင်ဝေဖန် လိုက်သည်။

အီရတ်စစ်ပွဲထဲသို့ အမေရိကန်ပြည်ထောင်စု ဝင်ရောက်ဆင်နွှဲလာစေရန် မိမိတို့သည် လိမ်ညာလှည့်ဖြားခံခဲ့ရကြောင်း စီအင်န်အင်န် သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ၎င်းက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အီရတ်ခေါင်းဆောင်ဟောင်းဆက်ဒမ်ဟူစိန်သည် လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ ပိုင်ဆိုင်ပြီး အယ်လ်ခိုင်ဒါအုပ်စုနှင့်အဆက်အသွယ်ရှိသည်ဆိုသော စွပ်စွဲချက်များကို ရည်ညွှန်း၍ ၎င်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယင်းမှာ အမေရိကန် နိုင်ငံခြားရေးမူဝါဒ၏ ကြောက်စရာကောင်းသည့် အမှားအယွင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အသက် ၄၆ နှစ်ရှိ ရွန်ရေဂင်သည် ၎င်း၏ ဖခင်၏ ရှေးရိုးစွဲနိုင်ငံရေးကို ဆန့်ကျင်သူဖြစ်သည်။

ဂျော့ဂျ်၊ ဘုရှ်အပေါ် အနိုင်ရရှိနိုင်မည့် မည်သူ့ကိုမဆို မိမိထောက်ခံမဲပေးမည်ဖြစ်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***




**ဇွန် ၂၂ရက်က အဘူဂါရိပ် အကျဉ်းထောင်မှ ရုပ်ပုံများရေးဆွဲထားသည့် နံရံအနီးတွင် အီရတ်တို့ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲ၊ ၁၇ဦးသေဆုံး

**ဘဂ္ဂဒက် ဇွန် ၂၈**

စနေနေ့နှောင်းပိုင်းတွင် အီရတ်နိုင်ငံအလယ်ပိုင်းရှိ ဟီလာမြို့တွင် ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ မြို့မှာ တုန်ခါသွားပြီး လူ ၁၇ဦးသေဆုံးကာ အခြား ၄၀ဦးတို့ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

**ပေါက်ကွဲ**

ကားဗုံးသည် ည ၉နာရီခွဲ အချိန်တွင် ဟီလာမြို့လယ် လူစည်ကားရာ ရပ်ကွက်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ စောစောပိုင်းအချိန်တွင် အယ်လ်ဂျာဇီးယားရုပ်/သံသတင်းဌာနက ထိုဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ ကြေညာသွားရာတွင် ဈေးဆိုင်အများ အပြားပျက်စီးသွားကာ လူ ၁၅ဦး သေဆုံးခဲ့ရပြီး အရပ်ဘက်ကား ၁၀စီး မီးလောင်သွားကြောင်း ဖော်ပြသွားသည်။

သို့ရာတွင် မည်သည့်ပစ်မှတ်ကို ရည်ရွယ်တိုက်ခိုက်ကြောင်း မသိရဘဲရှိသည်။

**ဖြစ်ပွား**

ဘဂ္ဂဒက်မြို့တောင်ဘက်ကီလိုမီတာ ၁၀၀အကွာတွင် တည်ရှိသော ဟီလာမြို့သည် ပိုလန်နိုင်ငံတပ်ဖွဲ့များ ဦးစီးသော အပြည်ပြည်ဆိုင်ရာ တပ်ဖွဲ့ဝင်များ၏ ထိန်းချုပ်မှုအောက်တွင် တည်ရှိသည်။ အမေရိကန်တို့က အီရတ်ပြည်သူများလက်သို့ အချုပ်အခြာအာဏာကို နောက်လေးရက်အကြာ ဇွန် ၃၀ရက်တွင် လွှဲပြောင်းပေးသွားရန်ရှိသည်။ ထိုနေ့မရောက်မီ လေးရက်အလိုတွင် ယခု တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ပျံ့နှံ့**

အချုပ်အခြာအာဏာ လွှဲပြောင်းမှုကိစ္စဆောင်ရွက်နိုင်မီ ကာလအတွင်း အီရတ်နိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများ ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အမေရိကန်ယာဉ်တန်းကို နာဂျက်ဖ်မြို့၌ ပစ်ခတ်တိုက်ခိုက်

**နာဂျက်ဖ် ဇွန် ၂၇**

နာဂျက်ဖ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို ရှီးယိုက်တိုက်ခိုက်ရေးသမားတစ်စုက ယမန်နေ့ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ထိုမြို့၌ သီတင်းပတ်ပေါင်းများစွာ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ယခုလစောစောပိုင်းတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးဖြစ်သည်။

နာဂျက်ဖ်မြို့၏ အပြင်ဘက်တွင် ဟမ်းဗီးယာဉ်များ၊ထရပ်ကားများပါဝင်သော စစ်ယာဉ်တန်းဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ သွားလာနေကြစဉ် ယခုကဲ့သို့ အပစ်အခတ် ခံရခြင်းဖြစ်သည်။ ၎င်းမြို့သည် ဘဂ္ဂဒက်မြို့တော်၏ တောင်ဘက်မိုင် ၁၀၀ အကွာတွင် တည်ရှိသည်။ ရှီးယိုက်လက်နက်ကိုင်များသည် ထိုမြို့မှနေ၍ တိုက်ခိုက်ခဲ့ကြသည်။

လောလောဆယ်တွင်ပြီးခဲ့သည့် စနေနေ့က ဖြစ်ပွားသော အပြန်အလှန်ပစ်ခတ်မှုနှင့်ပတ်သက်သောအထိအခိုက်သတင်းမရရှိသေးပေ။ အမေရိကန်စစ်ဘက်ကလည်း တစ်စုံတစ်ရာ သတင်းမသိရသေးဟု ဆိုသည်။

ဧပြီလအတွင်းက ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါခေါင်းဆောင်သော လက်နက်ကိုင်များသည်နာဂျက်ဖ်မြို့ လယ်ဒေသကို ထိန်းချုပ်ထားကာ အမေရိကန်များကို ဆန့်ကျင်ခဲ့ကြသည်။ အခြေအနေများဆိုးရွားလာခဲ့သော်လည်း နောက်ပိုင်းတွင် အပစ်အခတ် ရပ်စဲရေးနှင့် အီရတ်ရဲတပ်ဖွဲ့က မြို့ကိုထိန်းချုပ်ရေးကိစ္စများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အာဘီးလ်မြို့တွင် ကားဗုံးပေါက်ကွဲ တစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိ

အာဘီးလ်(အီရတ်) ဇွန် ၂၇

**လေးရက်သာလိုတော့သည့် အီရတ်ကြားဖြတ်အစိုးရထံသို့ အချုပ်အခြာအာဏာလွှဲပြောင်း ပေးအပ်မှု ပျက်ပြားစေရန် အီရတ်ခုခံရေးတိုက်ခိုက်သမားများက အရှိန်အဟုန်မြှင့်တိုက်ခိုက်နေစဉ်မှာပင် အီရတ်နိုင်ငံကာ့ဒ်လူမျိုးတို့နေထိုင်ရာ အာဘီးလ်မြို့တွင် စနေနေ့က ကားဗုံးပေါက်ကွဲရာ လူတစ်ဦးသေဆုံးပြီး ၄၀ဦး ဒဏ်ရာရရှိခဲ့သည်။**

ထိုအတောအတွင်းအီရတ်လက်နက်ကိုင်များသည် ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ဘာကူဘာမြို့တွင် ရှီးယိုက်တို့၏ နိုင်ငံရေးပါတီအဆောက်အအုံတစ်ခုအား တိုက်ခိုက်ခဲ့ရာ အစောင့်သုံးဦး သေဆုံးခဲ့သည်။ ထို့ပြင် အီရတ်ကြားဖြတ်အစိုးရ၏ ဝန်ကြီးချုပ်အလာဝီ၏ပါတီက အသုံးပြုသည့် အဆောက်အအုံကို အီရတ်လက်နက်ကိုင်သမားများက ဖောက်ခွဲဖျက်ဆီးလိုက်ကြသည်။

**— စီးနင်းဝင်ရောက် —**

သဘောထား အလယ်အလတ်ရှိသည့် ရှီးယိုက်အုပ်စုတစ်ခုဖြစ်သော ရှီးယိုက်အစ္စလမ္မစ် တော်လှန်ရေးဦးစီးကောင်စီ၏ရုံးကို အီရတ်ခုခံတိုက်ခိုက်ရေး သမားများက ပစ်ခတ်တိုက်ခိုက်ရာအစောင့်နှစ်ဦး ဒဏ်ရာရရှိသွားသည်။ အီရတ်လက်နက်ကိုင်သမားများသည် ဆွန်နီနှင့်ရှီးယိုက်တို့ ရောနှောနေထိုင်ရာ ဘာကူဘာမြို့ရှိ အဆိုပါ အဆောက်အအုံ အတွင်းသို့ နံနက် ၈ နာရီခွဲခန့်တွင် စီးနင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဒဏ်ရာရသူ နှစ်ဦးအနက် တစ်ဦးကပြောကြားသည်။

**— ဖျက်ဆီး —**

ဘာကူဘာမြို့မှ သီးခြားဖြစ်ရပ်တစ်ခုတွင် အလာဝီ၏ အီရတ်အမျိုးသား သဘောတူညီမှု ပါတီမှ အသုံးပြုသည့်အဆောက်အအုံမှ အစောင့်များ နောက်သို့ အီရတ်လက်နက်ကိုင်သမားများကပြေးလိုက်ပြီး ဖောက်ခွဲပစ္စည်းများဖြင့် ယင်းအဆောက်အအုံကို ဖျက်ဆီးခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဒဏ်ရာရရှိ**

အာဘီးလ်မြို့၌ ဖြစ်ပွားသည့် ပေါက်ကွဲမှုကြောင့် ဆိုင်ရှင်တစ်ဦးသေဆုံးပြီး ကာ့ဒ်ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့မှ ယဉ်ကျေးမှုဝန်ကြီးဖြစ်သူ မာမွတ်မိုဟာမက်ခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။

ဝန်ကြီးရုံးသို့အသွားတွင် ကားဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ အဆောက်အအုံအပြင်ဘက်မှ မိမိ၏ကားကိုလည်း ထိမှန်ခဲ့ကြောင်း၊ မိမိနှင့်အတူ ပါလာသည့် လူများလည်းဒဏ်ရာရရှိကြောင်း ဆေးရုံခုတင်ပေါ်မှနေ၍ မိုဟာမက်က ရိုက်တာသတင်းထောက်များအား ပြောကြားသည်။

***အင်တာနက်။***

## ဆန့်ကျင်ဆန္ဒပြ

**ဇွန် ၂၃ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် တူရကီနိုင်ငံသားများက အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဇွန် ၂၈**

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်၌(၇၃)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၁ ရက်မှ ၉ ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း- ၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)


**မြိုးခြွေချောတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်**

# ဟင်းလျာဆေးဖက် အစွမ်းထက် ကြက်သွန်နီဆေးတစ်လက်

**တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)**

မီးဖိုချောင်သုံး ပစ္စည်းများဖြစ်သည့် ကြက်သွန်ဖြူ၊ ချင်း(ဂျင်း)၊ ငရုတ်ကောင်းနှင့် နနွင်းတို့၏ ဟင်းခတ်ပစ္စည်းများအဖြစ်သာမက ဆေးဖက် အသုံးဝင်ပစ္စည်းအဖြစ် အကျိုးပြုပုံကို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုအဖြစ် နေ့စဉ်ထုတ်သတင်းစာများတွင် စာရေးသူအနေဖြင့် ရေးသားတင်ပြခဲ့ဖူးပါသည်။ အလားတူ မီးဖိုချောင်သုံးပစ္စည်းတစ်ခုဖြစ်သည့် ကြက်သွန်နီ၏ အစွမ်းထက် ဆေးဖက်ဝင်မှုကိုလည်း တင်ပြလိုပါသည်။ ကြက်သွန်တွင် ထန်းကြက်သွန်၊ တောကြက်သွန်၊ ပဒိုင်းကြက်သွန်၊ မြက်ကြက်သွန်၊ ဥသေးကြက်သွန်၊ ဥကြီးကြက်သွန်၊ ကြက်သွန်ဖြူဟူ၍ အမျိုးအစားများစွာရှိသော်လည်း လူသုံးများလျက်ရှိသော ကြက်သွန်တွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူဟူ၍ အဓိက နှစ်မျိုးသာရှိပြီး ကြက်သွန်ဖြူကို "အဖြူ"ဟူသော နာမဝိသေသနပုဒ်ထည့်လျက် "ကြက်သွန်ဖြူ"ဟု ခေါ်ဝေါ်ကြသော်လည်း ကြက်သွန်နီကိုမူ "အနီ"ဟူသော နာမဝိသေသနပုဒ် မထည့်တော့ဘဲ "ကြက်သွန်"ဟုသာ အများအားဖြင့် ခေါ်ဝေါ်လေ့ရှိကြပေသည်။

ကြက်သွန်နှင့် စပ်လျဉ်း၍ ရှေးခေတ် အီဂျစ်လူမျိုးတို့၏ ရုပ်တုများတွင်လည်း ကြက်သွန်ဥများကို တွေ့ရှိရကြောင်း၊ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၀၀ ခန့်က ကျော်ကြားခဲ့သည့် ခေါမသမားတော်ကြီး ဟစ်ပိုကရစ်၏ စာပေများ၌လည်း ကြက်သွန်အကြောင်းကို ရေးသားဖော်ပြထားကြောင်း လေ့လာသိရှိရပေရာ ကြက်သွန်နီသည် ရာဇဝင်သမိုင်းများ စတင်မှတ်တမ်းပြုရေးသားသော အချိန်မတိုင်မီကာလ (Prehistoric Time) ဖြစ်သော ရှေးနှစ်ပေါင်း ၄၀၀၀ ကျော်ကပင် ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး၏ အသုံးပြုမှု အမျိုးမျိုးတို့ဖြင့် အမည်နာမအမျိုးမျိုး ကွဲပြားစွာ တည်ရှိလျက်ရှိပေသည်။ ကြက်သွန်နီ၏ အင်္ဂလိပ်အမည်ဖြင့် Onion၊ ပါဠိအမည်ဖြင့် ပလဏ္ဍု၊ သက္ကတဘာသာဖြင့် မဟာကန္ဒ အပါအဝင် အမည် ၁၂ မျိုးခန့်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ ဂရိ၊ ပေါ်တူဂီ၊ သီရိလင်္ကာ၊ အမေရိကန် စသည့် လူမျိုး၊ ဘာသာအားဖြင့် ၂၅ မျိုးခန့်က အမျိုးမျိုး ခေါ်ဆိုကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာပေါ်တွင် ကြက်သွန်အသုံးများသော နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ယင်းတို့အနေဖြင့် ကြက်သွန်ကို ဟင်းလျာ၌ သုံးစွဲသည်သာမက စွပ်ပြုတ်လုပ်၍လည်းကောင်း၊ နောက်ပိုင်းတွင် ဆေးဝါးများ၌ အနံ့အဖြစ် ထည့်သွင်း၍လည်းကောင်း အသုံးပြုလာကြကြောင်း သိရသည်။ သက္ကတဆေးကျမ်းဆရာတစ်ဦးဖြစ်သူ နရဟာရိပဏ္ဍိတဆရာက ကြက်သွန်နီကို "ဖြူသောဥရှိသည့် ကြက်သွန်နီ(ထေကတ)"၊ "နနွင်းရောင်ကဲ့သို့ ဝါသောဥရှိသည့် ကြက်သွန်နီ(ဟာရိဒ္ဒ)"၊ "နီသောဥရှိသည့် ကြက်သွန်နီ (ရာဇပလဏ္ဍု)"ဟူ၍ သုံးမျိုးခွဲခြားထားကြောင်း၊ ကြက်သွန်နီသည် မြတ်စွာဘုရားရှင် လက်ထက်တော်ကတည်းကပင် ရဟန်းဘိက္ခုနီများအား အမြတ်တနိုးလှူဒါန်းခဲ့သော လှူဖွယ်၊ စားပင်၊ ဆေးပင်တစ်မျိုးအဖြစ် ထင်ရှားစွာ သုံးစွဲခဲ့ကြကြောင်း လေ့လာသိရှိမှတ်သားရပါသည်။

ကြက်သွန်နီဥသည် မြေငုပ်ပင်စည်ဖြစ်ပြီး ပါးလွှာသော အနီရောင် (သို့မဟုတ်) အဖြူရောင် အခွံပါးလေးများပါရှိ၍ အပင်အတွက် အစာကို အထပ်ထပ်ရှိသော ပင်စည်ဖတ်များ၌ သိုမှီးထားသည်ကို တွေ့ရှိရသည်။ ကြက်သွန်နီဥကြီးများသည် အများအားဖြင့် ဥတစ်လုံးအဖြစ် ဖြစ်ပေါ်တည်ရှိပြီး အချို့မှာ အတက်ပွားများအဖြစ် တည်ရှိကြသည်။ အိန္ဒိယနိုင်ငံအပါအဝင် အချို့တိုင်းပြည်များတွင် ကြက်သွန်နီဥတစ်လုံး၏ ပမာဏသည် အလေးချိန် အစိတ်သားကျော်ခန့် အရွယ်အစားအထိ ရှိကြကြောင်း တွေ့ရှိရသည်။ ကြက်သွန်နီ၏ မျိုးရင်းမှာ ဂမုန်းမျိုးရင်း(Liliaceae)ဖြစ်ပြီး အရွက်မှာ ခေါင်းပွဖြစ်၍ အူတိုင်မှ ပင်စည်တံမှာ အရွက်ကဲ့သို့ ခေါင်းပွဖြစ်သည်။ ကြက်သွန်နီပင်သည် အမြင့်တစ်တောင်ခန့်ရှိ၍ အရွက်သည် အပေါ်သို့ ထောင်နေတတ်ပြီး အရွက်များ၏ အလယ်မှ အရိုးတံထွက်၍ ထိပ်ဖူးမှ အပွင့်ဖြူကလေးများ အဆုပ်လိုက် ပွင့်လေ့ရှိပါသည်။

ကြက်သွန်နှင့် စပ်လျဉ်း၍ "မယ့်ကိုလိုလျှင်"အမည်ရှိ ကျေးလက်အိုင်ချင်းတွင် "ချစ်တဲ့သူငယ်လေ...သူငယ်ချင်းကောင်း ယောက်မတို့လေ...နမထွေးမယ်တို့အိမ်ကို သိလိုချင်လျှင်၊ နတ်ခရိုင်နှင့် ဈေးဆိုင်နှင့်၊ အိမ်ထောင့်ကမူ ကြက်သွန်ခင်းနှင့် ရေတွင်းနှင့်"စသည်ဖြင့် ဖွဲ့ဆိုထားသည်ကို လေ့လာသိရှိရခြင်းဖြင့် ကြက်သွန်ကို မြန်မာ့ကျေးလက်တောရွာများ၌ ရှေးကပင် အသုံးပြုမှု ကျယ်ပြန့်ခဲ့ပြီဖြစ်ကြောင်း မှန်းဆနိုင်မည်ဖြစ်ပါသည်။ ကြက်သွန်နီဥကို လှီးကာ အသားများနှင့် ရောနှော၍ဖြစ်စေ၊ အခြားအသီးအရွက်များနှင့် ရောနှော၍ဖြစ်စေ ချက်ပြုတ်စားသောက်ခြင်း၊ အသီးအရွက်များနှင့် သုပ်စားခြင်း၊ ပါးပါးလှီး၍ မြေပဲဆံ၊ ပုစွန်ခြောက်၊ ပဲမှုန့်စသည့် ဖြည့်စွက်အစာများနှင့် ရောနှောသုပ်စားခြင်း၊ အလျားလိုက်လှီးကာ ဆန်မှုန့်၊ ပဲမှုန့်၊ မုန့်နှစ်တို့ဖြင့် နယ်ပြီး ကြော်စားခြင်း၊ ထမင်းစားစဉ် အတို့အမြှုပ်အဖြစ် စားခြင်း၊ ကြက်သွန်ပင်ရွက်နုများကို ဟင်းခတ်အဖြစ်လည်းကောင်း၊ ပင်စည်အလယ်မှ ထွက်လာသည့် ပွင့်တံရိုးနုကို ပြုတ်၍သုပ်စားခြင်း စသည်ဖြင့် စားသုံးလေ့ရှိကြပါသည်။

ကြက်သွန်နီသည် ဟင်းသီး၊ ဟင်းရွက်အုပ်စုဝင်(သာကဝဂ္ဂ)၊ မြေတွင်းအောင်း(မြစ်ဥ) (ကန္ဒ)မျိုးဖြစ်သော်လည်း အာလူး၊ ပိန်းဥ၊ မြောက်ဥ စသည်တို့ကဲ့သို့ ဖွဲ့စည်း၊ ဖုံးပိတ်၊ သိပ်သည်းကျစ်လျစ်ခြင်းမရှိဘဲ အတွင်းအသားတွင် တစ်ထပ်စီ၊ တစ်လွှာစီ ရစ်ပတ်ဖွဲ့ယှက်စွာ တည်ရှိပြီး အပြင်ခွံများမှာလည်း တစ်ထပ်စီ၊ တစ်လွှာစီ ဖြစ်၍နေသော သဘောတို့ကြောင့် ကလာပ်စည်း(ဆဲလ်)များ ပွင့်ပေါက်မှုရှိကြသည်။ ထို့ကြောင့် ကြက်သွန်နီထဲတွင် သီတပထဝီ၊ အာကာသဓာတ်များ တည်ရှိ၍ အရသာအနေဖြင့် အေးဆိမ့်စပ်အရသာရှိပြီး အနံ့အာကာသ တည်းဟူသော ပွင့်ပေါက်ပေးမှုတို့ကြောင့် ၎င်းကိုစားသုံးခြင်းဖြင့် အသားအရေ စင်ကြယ်ချောမွေ့စေခြင်း၊ သွေးသားကြည်လင်သန့်ရှင်းစေခြင်း၊ စိတ်ကြည်လင်၍ အသိဉာဏ်ကို ထက်မြက်စေခြင်း၊ ဝမ်းမီးကို တောက်စေ၍ အစာကို ကြေညက်စေပြီး ကျန်းမာဝဖြိုးစေခြင်း၊ အတွေးအခေါ် ကောင်းစေခြင်း၊ နှလုံးကြွံခိုင်စေခြင်း၊ အိုမင်းရင့်ရော်မှုကို လျော့နည်းစေခြင်း၊ ပင်ပန်းမှုဒဏ်ကို ခံနိုင်ရည်စွမ်းအားရှိခြင်း၊ နှစ်ခြိုက်စွာ အိပ်ပျော်စေခြင်းစသည့် အကျိုးများ ရရှိစေသည်။

ကြက်သွန်နီ၏ အရသာနှင့် အကျိုးများကို မြန်မာဆေးကျမ်းများ၌ "ကြက်သွန်သည်ချို၏၊ စပ်၏၊ အနည်းငယ်ပူ၏၊ ကြေကျက်သောအခါချို၏၊ နှုတ်ကိုမြိန်စေ၏၊ ခွန်အားကို ပြုတတ်၏၊ သုက်ဓာတ်၊ သွေးဓာတ်ကိုပွားစေ၏၊ လေ၊ သည်းခြေကိုနိုင်၏၊ ဆီးကျန်၊ ဆီးအောင့်၊ ဆီးပူ၊ ဝမ်းကိုက်၊ မျက်စိနာ၊ မီးယပ်သွေးငုပ်၊ လေနာ၊ ရင်နာရောဂါများကို ပျောက်ကင်း၏"ဟုလည်းကောင်း၊ ရှုတော်မူဆေးအဘိဓာန်၌လည်း "ကြက်သွန်နီသည် လေ၊ သလိပ်၊ သည်းခြေ၊ ဖျားနာအမျိုးမျိုး၊ ချောင်းဆိုးတို့ကိုနိုင်၏။ ဆီးကိုရှင်စေတတ်၏။ သုက်ကို ပွားစေတတ်၏"ဟူ၍လည်းကောင်း၊ ဓာတုရသဆေးကျမ်းတွင် "နှုတ်မြိန်စေ၏၊ ပြေပြစ်၏၊ ခွန်အားကို ပြုတတ်၏၊ သုက်သွေးကို ပွားစေတတ်၏၊ လေ၊ သည်းခြေ၊ ဒေါသကိုနိုင်၏၊ ၎င်းအပြင် နှုတ်မမြိန်၊ အော့အန်ရောဂါတို့ကိုနိုင်၏။ တြိဒေါသနာ၊ အဖျားအမျိုးမျိုး၊ အနူအမျိုးမျိုးတို့ကိုလည်းကောင်း၊ ပိုးနာ၊ လေနာ၊ သလိပ်နာတို့ကိုလည်းကောင်း၊ ပွေး၊ ညှင်း၊ ဖွတ်သိုနာ၊ ချောင်းဆိုးနာ၊ ကုတ်ဟီးနာတို့ကိုလည်းကောင်း ပျောက်ကင်း၏"ဟု အသီးသီး ဖွင့်ဆိုထားပါသည်။

သိပ္ပံပညာရှင်များ၏ ဖော်ထုတ်တွေ့ရှိချက်အရ ကြက်သွန်နီတွင် (Allylsulphate)ဓာတ်ပါဝင်မှုကြောင့် ပူစပ်အရသာနှင့် အနည်းငယ်ပြင်းသော အနံ့ရှိပြီး ယင်းတွင် ဓာတ်ပါဝင်ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ရေဓာတ် အများဆုံး ၉၀ ရာခိုင်နှုန်းပါဝင်ပြီး အခြားပရိုတိန်းဓာတ် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ထုံးဓာတ် ၀ ဒသမ ၁၈ ရာခိုင်နှုန်း၊ အချဉ်ဓာတ် ၁ ရာခိုင်နှုန်း၊ သကြားဓာတ်၊ ချဉ်ဆီဓာတ် ၀ ဒသမ ၂ ရာခိုင်နှုန်း၊ ဖော့(စ်)ဖရပ် ၀ ဒသမ ၁ ရာခိုင်နှုန်း၊ သံဓာတ်အနည်းငယ် ပါဝင်သည့်အပြင် ဗီတာမင်အေဓာတ်၊ ဗီတာမင်ဘီဓာတ်၊ ဗီတာမင်စီဓာတ်တို့လည်း များစွာပါဝင်ကြောင်း သိရှိရပါသည်။

ဤကဲ့သို့ လူသိလည်းများ၊ အသုံးလည်းတွင်ကျယ်၊ ဆေးဖက်လည်း ဝင်လှသည့် ကြက်သွန်နီနှင့် စပ်လျဉ်း၍ ဆေးဘက်ဆိုင်ရာ အသုံးပြုပုံများကို လေ့လာသိရှိရသမျှ စုစည်းတင်ပြရလျှင်–

(၁) ဦးခေါင်း၌ ဘောက်များရှိ၍ ယားယံနေပါက ကြက်သွန်နီဥကိုထု၍ ရေနှင့်ဖျော်ပြီး ခေါင်းလျှော်ပေးပါ။

(၂) ဆံပင်ဖြူပါက ကြက်သွန်နီဥကို ထက်ပိုင်းဖြတ်၍ ဦးရေကို ပွတ်ပေးပါ။ (သို့မဟုတ်) တစ်နေ့လျှင် ကြက်သွန်နီဥတစ်ဥ မှန်မှန်စားပေးပါ။

(၃) မျက်စိနာပါက ကြက်သွန်နီဥ သတ္တုရည် (ကြက်သွန်ဥကိုညှစ်၍ ရသောအရည်)ကို မျက်စိတွင် ကွင်းပေးပါ။

(၄) နှာခေါင်းသွေးလျှံပါက ကြက်သွန်နီဥကိုလှီး၍ ရှူပေးပါ။

(၅) နားပြည်ယိုလျှင် နားကိုသန့်စင်အောင် ဆေးကြောပြီး လတ်ဆတ်သော ကြက်သွန်နီဥ သတ္တုရည်ကို နားထဲသို့ နေ့စဉ် တစ်နေ့သုံးကြိမ်၊ လေးကြိမ် ထည့်ပေးခြင်း၊ နားကိုက်ပါက ကြက်သွန်နီဥသတ္တုရည်ကို ပူအောင် မီးအပူပေး၍ ခပ်နွေးနွေး(နားထဲသို့ ထည့်နိုင်လောက်သည့် အပူချိန်ပမာဏ)ဖြင့် ထည့်၍ဖြစ်စေ၊ ကြက်သွန်နီကို မီးဖုတ်ပြီး အလယ်မှခွဲ၍ အလယ်ပိုင်းကို နားတွင်ထည့်၍ဖြစ်စေ ပြုလုပ်ပေးပါ။

(၆) လေနာ၊ ရင်ဘတ်အောင့်ခြင်းဖြစ်ပါက ကြက်သွန်နီဥ ၂၅ ကျပ်သားကို မန်ကျည်းမှည့်နှင့် ထန်းလျက် ၁၂ ကျပ်သားစီ၊ စမုန်မျိုးငါးပါး (တစ်ပါးလျှင် တစ်ပဲသားစီ)ရော၍ကြိတ်ပြီး ထောပတ်ငါးကျပ်သားနှင့်နယ်၍ တစ်ကြိမ်လျှင် ထမင်းစားဇွန်းတစ်ဇွန်း ပမာဏ၊ တစ်နေ့လျှင် နှစ်ကြိမ်စားပေးပါ။

(၇) ဝမ်းကိုက်လျှင် ကြက်သွန်နီဥနှင့် ထန်းလျက်ကို စားကောင်းရုံ ပမာဏ ရော၍ကြော်စားပါ။

(၈) ဝမ်းချုပ်ပါက ကြက်သွန်နီဥ သုံးဥခန့်နှင့် မကျည်းရွက်နု လက်ဖက်ရည်အကြမ်းပန်းကန် နှစ်လုံး ပမာဏရော၍ ထောင်းပြီး စားပါ။

(၉) ကလေးများ ဆီးချုပ်ပါက မီးဖုတ်ထားသော ကြက်သွန်နီတစ်လုံးကို ထက်ခြမ်းခွဲ၍ ဆီးအိမ်ပေါ်တွင် ပူပူနွေးနွေး(ခံနိုင်ရုံ) ကပ်ပေးခြင်း၊ ကလေးများ ဝမ်းဗိုက်နာပါက ကြက်သွန်နီဥသတ္တုရည် လက်ဖက်စားဇွန်း တစ်ဇွန်းပမာဏ တိုက်ပေးခြင်း၊ ကလေးများ အားနည်းပါက ကြက်သွန်နီဥကို မီးဖုတ်၍ ထန်းလျက်နှင့် ကျွေးခြင်း၊ ဝက်သက်ရောဂါ ဖြစ်ပါက တစ်ကြိမ်လျှင် ကြက်သွန်နီဥ သတ္တုရည် လက်ဖက်စားဇွန်း တစ်ဇွန်းပမာဏ တစ်နေ့လျှင် လေးကြိမ် တိုက်ပေးခြင်းများ ပြုလုပ်ပါ။

(၁၀) ဆီးများလိုပါက ကြက်သွန်နီဥအစိမ်းကို စားပေးခြင်း၊ ဆီးသွားသည့်အခါ ဆီးတစ်စက်ချင်းကျ၍ ဆီးကျန်ပါက ကြက်သွန်နီဥပြုတ်၍ သောက်ပေးခြင်း၊ ဆီးပူပါက ကြက်သွန်နီဥ သတ္တုရည်ကို သကြားနှင့် သောက်ခြင်း၊ ဆီးကြောင့်ဖြစ်သော ဖောရောင်ခြင်းနှင့် ကျောက်တည်ခြင်းတို့အတွက် ကြက်သွန်နီဥသတ္တုရည် လက်ဖက်ရည် အချိုပန်းကန်တစ်လုံးစာကို ဖျော်ရည်လုပ်၍ သောက်ခြင်း စသည်တို့ကိုပြုလုပ်ပါ။

(၁၁) သွေးမြင်းသရိုက်ရောဂါနှင့် လိပ်ခေါင်းထွက် ရောဂါများအတွက် လတ်ဆတ်သော ကြက်သွန်နီဥသတ္တုရည် ထမင်းစားဇွန်း တစ်ဇွန်းတွင် သကြားလက်ဖက်စားဇွန်း တစ်ဇွန်းထည့်၍ တစ်နေ့ တစ်ကြိမ် နေ့အခါတွင် တိုက်ကျွေးပါ။

(၁၂) နေအပူချိန် လွန်ကဲသော အချိန်အခါတွင် ခရီးသွားမိသဖြင့် နေပူလောင်ခြင်းဖြစ်ပါက ကြက်သွန်နီဥသတ္တုရည်ကို လိမ်းပေးပါ။

(၁၃) သတိမေ့ခြင်း၊ ဝက်ရူးပြန်ခြင်းတို့အတွက် ကာယကံရှင် (သတိမေ့သူ၊ ဝက်ရူးပြန်သူ)အား ကြက်သွန်နီဥကို ထုထောင်း၍ ထွက်သောအနံ့ကို ရှူစေပါ။

(၁၄) ချောင်းဆိုးပန်းနာရောဂါများအတွက် ကြက်သွန်နီဥ သတ္တုရည် ထမင်းစားဇွန်း ပမာဏကို တစ်နေ့သုံးကြိမ် သောက်စေခြင်း၊ ကြက်သွန်နီဥကို ထမင်းနှင့် စားစေခြင်းများ ပြုလုပ်ပါ။

(၁၅) အမျိုးသမီးများ ဓမ္မတာသွေး စင်ကြယ်စေရန်အတွက် ဥတုဓမ္မတာ သွေးလာချိန်မတိုင်မီ တစ်ရက် နှစ်ရက်ခန့်ကြို၍ ကြက်သွန်နီဥကို စားပေးပါ။

(၁၆) အနာစိမ်း၊ သတ်တံနာများအတွက် ကြက်သွန်နီဥကို အလယ်မှ ခြမ်း၍ အနာပေါ်တွင် ပတ်တီးစည်းပေးခြင်း ပြုလုပ်ပါ။

(၁၇) အရေပြားရောဂါများအတွက် ကြက်သွန်နီဥ သတ္တုရည်ကို လိမ်းပေးပါ။

(၁၈) ကင်းအမျိုးမျိုး၊ ပျား၊ ကင်းမြီးကောက်၊ အခြားပိုးမွှားများ အပါအဝင် အဆိပ်ရှိသော သတ္တဝါများ အကိုက်ခံရပါက အကိုက်ခံရသော နေရာတွင် ကြက်သွန်နီဥသတ္တုရည်ကို သုတ်လိမ်းပေးရမည့် အပြင် အဆိုပါအရည် အကြမ်းပန်းကန်တစ်ဝက် ပမာဏကိုလည်း သောက်ပါ။

ကြက်သွန်နီသည် အထက်ဖော်ပြပါအတိုင်း ဆေးဖက်ဝင် ရေလဲအသုံးပြုခြင်း၏ အကျိုးများရှိသကဲ့သို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးကုသရေးဌာနများတွင် အသုံးပြုကုသလျက်ရှိသော တိုင်းရင်းဆေးခန်းသုံးဆေးများအနက် ကလေးသူငယ်နာ၊ ငန်းမန်းလိုက်သော အနာများ၊ အစားမှား၊ အညှော်မိခြင်းတို့အတွက် အဓိကအကျိုးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၃၂ (နန်းတွင်းလျှာပွတ်ဆေးကြီး)တွင် ၄ ရာခိုင်နှုန်း၊ ကလေးသူငယ်နာရောဂါ အမျိုးမျိုးအတွက် အဓိကအကျိုးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်– ၃၄(သူငယ်နာမှတ်လေးစင်းဆေးကြီး)တွင် ၃ ရာခိုင်နှုန်း အသီးသီး ထည့်သွင်းဖော်စပ် အသုံးပြုလျက်ရှိကြောင်း၊ မြန်မာ့ဟင်းလျာများတွင်သာမက ကမ္ဘာ့နိုင်ငံရှိ နိုင်ငံအသီးသီးမှ လူမျိုးအသီးသီး၏ ဟင်းလျာများနှင့် ဖြည့်စွက်အစာများတွင် အများဆုံး အသုံးပြုလျက်ရှိသော ကြက်သွန်နီ၏ ဆေးဖက်ဝင်ပုံကို မိသားစု ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် အထောက်အကူပြုစေရေးအတွက် ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၉-၆-၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** The Earth and it's movement. ပထမနှစ်ပထဝီဝင်(ပထဝီဝင်အထူးပြုများ)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၁၀)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီတေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (အပိုင်း–၃၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်တက္ကသိုလ် အဆောက်အအုံသစ်ကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။(ဓာတ်ပုံ-သတင်းစဉ်)

## နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး



ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကနစိုးကုန်း-လမ်းသမိုင် ကျေးရွာချင်းဆက် လမ်းသစ်ဖောက်လုပ်ထားမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ-၁၈၂)



ချင်းပြည်နယ် မင်းတပ်-မတူပီလမ်း တိုးချဲ့မှုလုပ်ငန်းများကို စက်ယန္တရားဖြင့် ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)



ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် ဆောက်လုပ်ပေးထားသော ရွှေလီတံတား(မဘိမ်း)ကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

**❋ အမျိုးသားညီလာခံမှ**

ယခုအခါ အမျိုးသားညီလာခံ အစုအဖွဲ့များအလိုက် ဆွေးနွေးအကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြလျက်ရှိရာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းများ တင်ပြပြီးစီးသွားပြီဖြစ်ကြောင်း။

စုံညီအစည်းအဝေးသို့ တင်ပြရန်ကျန်ရှိနေသေးသည့် အစုအဖွဲ့များ၏ စာတမ်းများသည် အလားတူ အဆင်ပြေ ချောမွေ့လိမ့်မည်ဟု မျှော်လင့်ကြောင်း။

အမျိုးသားညီလာခံသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သကဲ့သို့ အခြေခံလည်းကျကြောင်း၊ သို့ဖြစ်၍ အမျိုးသားညီလာခံကြီး ချောမွေ့အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ၊ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များ၊ စာတမ်းပြုစုရေး အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီအနေဖြင့် အစုအဖွဲ့အလိုက် စာတမ်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြု ဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)





**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၅/၂၀၀၄) တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ရွှေရင်အေး နွေစပါးရိတ်သိမ်း၊ မိုးစပါးမျိုး ပေးအပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၈

**ရှမ်းပြည်နယ် အထူးအထွက်ကောင်း ရွှေရင်အေးစပါးမျိုး နွေစပါးရိတ်သိမ်းပွဲနှင့် မိုးစပါးမျိုး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာရှိ ရွှေရင်အေး နွေစပါးစံပြဧက ၅၀ စိုက်ကွင်းတွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးလွင်၊ လွိုင်ကော်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဦး၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးနှင့် လွိုင်လင်ခရိုင်ဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များမှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တောင်သူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်က ရွှေရင်အေးစပါးစံပြကွက် ရိတ်သိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားပြီး ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ရွှေရင်အေး စပါးမျိုးများ ဝယ်ယူဖြန့်ဖြူးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကယားပြည်နယ်အတွင်း ၂၀၀၄-၂၀၀၅ခုနှစ် မိုးရာသီတွင် မျိုးပွားစိုက်ပျိုးရန်အတွက် ရွှေရင်အေးစပါးမျိုး တင်း ၂၀၀၀ ကို ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် တာဝန်ရှိသူများက တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များနှင့် လွိုင်ကော်ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ရွှေရင်အေးမျိုးစပါးများကို ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေရင်အေးစပါးမျိုး နွေစပါးများ ရိတ်သိမ်းစက်ဖြင့်ရိတ်သိမ်းမှု၊ ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့မှုနှင့် ထွက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စံပြကွက် တစ်ဧကလျှင် ရွှေရင်အေးစပါး ၁၄၇ဒသမ ၅၃တင်း ထွက်ရှိကြောင်းနှင့် ရွှေရင်အေးစပါးမျိုးကို ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ဧကပေါင်း ခြောက်သိန်းကျော် စိုက်ပျိုးရန် လျာထားသည်။(သတင်းစဉ်)



**ရှမ်းပြည်နယ် အထူးအထွက်ကောင်းစပါးမျိုး နွေစပါးရိတ်သိမ်းပွဲနှင့် မိုးစပါး မျိုးစေ့ပေးအပ်ပွဲကို ဇွန် ၂၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာ စိုက်ခင်းတွင်ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်တို့ ရွှေရင်အေးစပါးစံပြကွက် ရိတ်သိမ်းမှုကို ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

# စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ တက်ရောက် မန်းရေနံမြေနှင့် မြန်အောင်ရေနံမြေ စစ်ဆေး

**ရန်ကုန် ဇွန် ၂၈**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ချောက်မြို့နယ် ချောင်းပိုက်ကျေးရွာရှိ အမှတ်(၁၀၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ရီ၊ ချောင်းပိုက်ကျေးရွာဥက္ကဋ္ဌ ဦးကြီးဆောင်တို့က ဖဲကြိုးဖြတ်၍ တိုးချဲ့ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ) သို့ရောက်ရှိ၍ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံမှူး ဦးလှသောင်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဓာတ်မြေသြဇာအထွက်တိုးရေး ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ မကွေးတိုင်း မင်းဘူးမြို့နယ် မန်းရေနံမြေသို့ ရောက်ရှိခဲ့သည်။

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မန်းထောက်ရှာပင် ရေနံမြေများမှ မန်နေဂျာများ၊ မင်းဘူးရေနံဓာတ်ငွေ့ရည် စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ရေနံသဘာဝဓာတ်ငွေ့နှင့် ရေနံဓာတုပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ တွင်းအမှတ် (၆၅၅)၏ ထုတ်လုပ်မှု အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၂၆ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့ အခြေခံပညာ အလယ်တန်းကျောင်း အိမ်ရာ (မန်းရေနံ) မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက မန်းရေနံမြေ အထွေထွေ မန်နေဂျာ ဦးကြည်ရှိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးက မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ဘုရားခန်း၊ Language Lab၊ Computer Skill Room၊ Computer Aided၊ Instruction Room၊ Audio Visual Room၊ Reading Corner၊ ရသပန်းချီခန်းများ၊ အိမ်တွင်းမှုနှင့် လက်မှုပြခန်း၊ ဂီတအနုပညာပြခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မင်းဘူးမြို့ အခြေခံပညာအလယ်တန်းကျောင်း အိမ်ရာ (မန်းရေနံ) မာလ်တီမီဒီယာ စာသင်ခန်းဖွင့်ပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးကြည်ရှိန်က မာလ်တီမီဒီယာစာသင်ခန်းများ ပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့မှုများ ရှင်းလင်းတင်ပြပြီး ငွေကျပ် ၅၇၆၀၀၀၀ တန်ဖိုးရှိ အထောက်အကူပြု ပစ္စည်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မြန်အောင်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိသည်။

ဇွန် ၂၇ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်အောင်ရေနံမြေ တွင်းအမှတ်(၁၆၇) တူးဖော်နေမှုအခြေအနေများကိုလည်းကောင်း၊ တွင်းအမှတ် (၁၆၆) အပါအဝင် ထုတ်လုပ်ဆဲတွင်းများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထွက်ရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ပြည်တောင်တန်း ရေနံမြေသို့ ရောက်ရှိပြီး သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်များနှင့် ရေနံမြေအား ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးအား မင်းဘူးမြို့ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအထိမ်းအမှတ်အလံပေးအပ်စဉ်။** (စွမ်းအင်)



# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ စာပေ၊ သီချင်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ရန်ကုန်တိုင်းအထူးဆုရရှိသူများ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၈

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာဒီဂျစ်တယ် ပိုစတာပြိုင်ပွဲ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းအတွင်းမှ အထူးဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၆ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး အထူးဆုများကို ပေးအပ်ချီးမြှင့်သည်။**

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင် များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရရှိကြသူများနှင့် မိဘ အုပ်ထိန်းသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းမှ အထူးဆုများ ရရှိကြသော ဆောင်းပါးပြိုင်ပွဲတွင် သုံးဦး၊ တေးသီချင်းပြိုင်ပွဲတွင် ငါးဦး၊ ကာတွန်းပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် သုံးဦး၊ အသက်(၁၀)နှစ်မှ (၁၅)နှစ်ငါးဦး၊ အသက်(၁၅)နှစ်မှ (၂၀)နှစ် တစ်ဦး၊ အသက်(၂၀)နှစ်အထက် ငါးဦး၊ ပန်းချီပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် လေးဦး၊ အသက်(၁၀)နှစ်မှ (၁၅)နှစ် လေးဦး၊ အသက်(၁၅)နှစ်မှ (၂၀)နှစ်အောက် ငါးဦး၊ အသက်(၂၀)နှစ်အထက် ငါးဦး၊ ပိုစတာပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် လေးဦး၊ အသက်(၁၀)နှစ်မှ (၁၅)နှစ် ငါးဦး၊ အသက်(၁၅)နှစ်မှ (၂၀)နှစ် လေးဦး၊ အသက်(၂၀)နှစ်အထက် ငါးဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် တစ်ဦး၊ အလယ်တန်းအဆင့်နှစ်ဦး၊ ကွန်ပျူတာဒီဂျစ်တယ် ပိုစတာပြိုင်ပွဲတွင် နှစ်ဦး၊ ဓာတ်ပုံပြိုင်ပွဲတွင် တစ်ဦး၊ ကဗျာပြိုင်ပွဲတွင် တစ်ဦး စုစုပေါင်း ၆၅ဦးတို့အား အထူးဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)




# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ထူးဆောင် တံဆိပ်ချီးမြှင့်

**ရန်ကုန် ဇွန် ၂၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ဆရာကြီး ဦးစိန်လှိုင်အား ချီးမြှင့်သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ထူးဆောင် ဆုတံဆိပ် ချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂၇ရက် ညနေ ၃နာရီက အမျိုးသား ဘောလုံးလေ့ကျင့်ရေး စခန်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ထူးဆောင်ဆုတံဆိပ် ကို ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာနခေတ္တ ညွှန်ကြား ရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကို၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဦးဆောင် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဂုဏ်ထူးဆောင် ဆုတံဆိပ်ချီးမြှင့်ခံရသည့် ဦးစိန်လှိုင်၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

(ကြေးမုံ)

## ပေးအပ်

**ဆရာကြီးဦးစိန်လှိုင်အား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ဂုဏ်ထူးဆောင် ဆုတံဆိပ်အား မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က ဆရာကြီးဦးစိန်လှိုင်အား ပေးအပ်စဉ်။** (ကြေးမုံ)

# အိုလံပစ်နေ့အထိမ်းအမှတ် အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၈

**မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ကကြီးမှူး၍ ILBC မှ တာဝန်ယူကျင်းပသည့် ၂၀၀၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ILBC Cup အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ရက် နံနက် ၈နာရီတွင် လှည်းတန်းအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။**

**ပြန်လည်ထွက်ခွာ**

အခမ်းအနားတွင် ရှေးဦးစွာပြိုင်ပွဲဝင် အသင်းများ ကွင်းအတွင်း နေရာယူကြပြီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း(ILBC ကျောင်းအုပ်)က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် အသင်းများ အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည် ထွက်ခွာကြသည်။

**ကျင်းပမည်**

ဖွင့်ပွဲအပြီးတွင် အမျိုးသားလက်ရွေးစင်(ခ)နှင့်(ဃ)၊အမျိုးသမီး လက်ရွေးစင် (ခ)နှင့် (ဃ)အသင်းတို့၏ ခြေစမ်းပွဲများကိုကျင်းပသည်။ ပြိုင်ပွဲသို့ အသင်း ၄၀ ဝင်ရောက်ယှဉ် ပြိုင်လျက်ရှိပြီး ငါးသင်းရှစ်အုပ်စုခွဲ၍ ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

# ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ သံအမတ်ကြီးများ ကြည့်ရှုလေ့လာ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက် ရတနာများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံး များမှ သံအမတ်ကြီးများ၊ သံတမန် များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂ ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ သည် ဇွန် ၂၆ရက် နံနက် ၉နာရီမှ ညနေ ၅နာရီထိ လာရောက်ကြည့်ရှု လေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် သတ္တုတွင်းဝန်ကြီး ဌာန မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ် ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်း ပြသကြ သည်။ **(အောက်ပုံ)**

(သတင်းစဉ်)



# အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲကို ဇွန် ၂၆ရက် နံနက်၈နာရီမှစ၍ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာအားကစားကွင်းရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူး ချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် များ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူ ကြူနှင့် အမှုဆောင်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ နိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ မျိုးဆက်သစ် အားကစားသမားများက ဝူရှူး စွမ်းရည်ပြသကြသည်။ ယင်းနောက် ပြိုင်ပွဲကိုစတင်ကျင်းပကြသည်။

**ပေးအပ်ချီးမြှင့်**

ဆုရရှိသူများအား မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌဒေါ်ကြူကြူ၊အတွင်းရေးမှူး ဦးထွန်းမြင့်၊ အမှုဆောင်များ၊ တာဝန် ရှိသူများက အောင်နိုင်ဆုများ ပေးအပ် ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

**ဝင်ရောက်ယှဉ်ပြိုင်**

ယခုပြိုင်ပွဲသို့ အားကစားသမားဦးရေ ၁၆၃ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ၁၂နှစ် အောက် ကျား၊ မပြိုင်ပွဲ၊ ၁၂နှစ်အထက် ကျား/မပြိုင်ပွဲ စုစုပေါင်းပွဲစဉ် ၂၆ပွဲ ကျင်းပခဲ့သည်။ (ကြေးမုံ)

## လမ်းလျှောက်ပွဲကျင်းပ

**ဇွန် ၂၆ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းရှေ့တွင် အိုလံပစ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲ ကျင်းပစဉ်။** (ကြေးမုံ)

# ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်း

**ရန်ကုန် ဇွန် ၂၈**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် လက်ထောက် မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ဇွန် ၂၇ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း လမ်းရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက် အမှာစကားပြောကြား သည်။

**— တက်ရောက် —**

အဆိုပါ သင်တန်းဆင်းပွဲသို့ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းညိန်း၊ မြန်မာ့စီးပွား ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့ စီးပွားရေးဘဏ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)







မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

❒ မြန်မာနိုင်ငံမှ

ဘောလုံးပရိသတ်ကြီးထံ သတင်းထုတ်ပြန်ပေးနေသည့်အတွက်မြန်မာဘောလုံးအားကစား ဝါသနာရှင်များသည်လည်း ဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကိုမျက်ခြည်မပြတ် သိခွင့်ရရှိနေကြပြီဖြစ်သည်။

## ဖီဖာဥက္ကဋ္ဌနှင့်ဆွေးနွေး

အခမ်းအနားတွင် ရှေးဦးစွာ ဥက္ကဋ္ဌ ဦးဝင်းအောင်က ရှင်းလင်းပြောကြားရာတွင် "မိမိ ဇွန်လ ၁၄ ရက် ညနေ ၃နာရီတွင် ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သို့ သွားရောက်ပြီး မြန်မာဘောလုံးတိုးတက်ရေးနှင့်ပတ်သက်၍ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဖီဖာဥက္ကဋ္ဌကလည်း ယူရို-၂၀၀၄အတွက် အရေးကြီးနေသည့်ကြားကပင် အချိန်ပေးတွေ့ဆုံခဲ့ကြောင်း၊ မိမိလာရောက်မှုကိုလည်း အဖွဲ့ချုပ်မျက်နှာစာတွင် မြန်မာနိုင်ငံအလံလွှင့်ထူကာ နွေးနွေးထွေးထွေး ကြိုဆိုခဲ့ပါကြောင်း၊ ဘလတ္တာက ၂၅နှစ်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူအနေနှင့် ကိုယ်တိုင်လာတွေ့သည်မှာ ပထမဦးဆုံးဖြစ်ပါသည်ဟု ပြောကြောင်း၊ မိမိနှင့် ဘလတ္တာတို့ တစ်နာရီခွဲကြာဆွေးနွေးခဲ့ကြောင်း၊ မိမိအနေဖြင့် ဘောလုံးအကယ်ဒမီထူထောင်ရေးနှင့် Technical director ခေါ်ယူနိုင်ရေးကိစ္စတို့ကို အဓိကထား ဆွေးနွေးခဲ့ကြောင်း၊ ဖီဖာဥက္ကဋ္ဌကလည်း ဘောလုံးအကယ်ဒမီထူထောင်ရေးနှင့် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ကူညီပါမည်ဟု ကတိပြုခဲ့ကြောင်း၊ ဘောလုံးအကယ်ဒမီထူထောင်ရန် နိုင်ငံတော်အစိုးရက မြေနေရာသတ်မှတ်ပေးပြီးဖြစ်ကြောင်း၊ ကျိုက္ကဆံအားကစားကွင်းရှိ မြားပစ်အားကစားကွင်း၏ မြောက်ဘက်နေရာတွင် ဖြစ်ကြောင်း၊ မြန်မာ့ဘောလုံးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက အားတက်သရောပံ့ပိုးအားပေးနေသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း" ပြောကြားသည်။

## ဝင်ကြေးလျှော့မည်

မိမိအနေဖြင့် အချိန်ခြောက်ဆယ်ရာခိုင်နှုန်းကိုဘောလုံးအတွက် ပေးထားကြောင်း၊ မိမိအနေဖြင့် နိုင်ငံ၏ အမျိုးသား အားကစားနည်းဖြစ်သော ဘောလုံးအားကစားနည်း ရွှေခေတ်ပြန်ရောက်ရေး ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် စိတ်ဝင်စားလာစေရန် ဘောလုံးပွဲကောင်းများရှိဖို့လိုကြောင်း၊ ဘောလုံးပွဲကောင်းများရှိရန် ကစားသမားကောင်းများရှိရန် လိုကြောင်း၊ ကစားသမားများ အနေဖြင့်လည်း စိတ်ဓာတ်ကောင်းရန် ယှဉ်ပြိုင်အနိုင်ရလိုစိတ်ရှိရမည် ဖြစ်ကြောင်း၊ ထို့ပြင် ကစားသမားများ စိတ်ဓာတ်တက်အောင် ထိုက်သင့်သလောက်ပံ့ပိုးမှုရှိရမည်ဖြစ်ကြောင်း၊ စက်တင်ဘာလမှ စတင်ကျင်းပမည့် အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲမှစ၍ ဘောလုံးပွဲဝင်ကြေးကို ကျပ် ၃၀၀၊ ကျပ် ၂၀၀ သတ်မှတ်မည်ဖြစ်ကြောင်း၊ ထိုသို့ ဝင်ကြေးလျှော့လိုက်၍ပရိသတ်အားပေးမှု ပိုများလာမည်ဖြစ်ကြောင်း၊ ပရိသတ်အားပေးမှုများလေ ကစားသမားများ၏ တိုးတက်မှုနှုန်းပိုကောင်းလာမည် ဖြစ်ကြောင်း။



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို လက်ရွေးစင်အားကစားသမားများ အနေအထိုင် အစားအသောက်နှင့်ပတ်သက်၍ ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

## နိုင်ငံတကာပွဲ

အမျိုးသား လက်ရွေးစင်အသင်း L.G ဖလားပြိုင်ပွဲနှင့် တိုက်ဂါးဖလားပြိုင်ပွဲမဝင်ခင်တွင် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ရှိကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် ဘောလုံးလောကတိုးတက်ရေးအစီအစဉ်တကျဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဘောလုံးလောက တိုးတက်ရေးအတွက် အကြံကောင်းများပေးနိုင်ပြီး ဆွေးနွေးနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သာမက မြန်မာ့အားကစားလောကအတွက်ပါ ဂုဏ်ယူစရာသတင်းထူးတစ်ပုဒ်ရှိကြောင်း၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆုတံဆိပ်များထဲမှတစ်ခုကို မိမိတို့နိုင်ငံမှဆရာကြီး ဦးစိန်လှိုင်က ချီးမြှင့်ခံရကြောင်း၊ မိမိတို့အနေဖြင့် နောင်မှာလည်း ယခုကဲ့သို့ တွေ့ဆုံရှင်းလင်းပွဲများပြုလုပ်ပြီး မီဒီယာများကို အသိပေးသွားမည်ဖြစ်ကြောင်း" စသည်ဖြင့် ဦးဝင်းအောင်က ဆက်လက်ပြောကြားသည်။



အမှုဆောင်ဦးခင်မောင်ကြိုင် ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုက လက်ရွေးစင်အားကစားသမားများ၏ အနေအထိုင်၊ အစားအသောက်နှင့် စပ်လျဉ်း၍ပြောကြားရာတွင်"အားကစားသမားများ အာဟာရပြည့်ဝစေရေးအတွက် လက်ရှိစခန်းဝင်လေ့ကျင့်လျက်ရှိသော ပဏာမလက်ရွေးစင် အမျိုးသား၊အမျိုးသမီး၊လူငယ်လက်ရွေးစင်များကို တစ်ဦးလျှင် တစ်နေ့ကျပ် ၁၅၀၀နှုန်းဖြင့် ကျွေးမွေးကြောင်း၊ တစ်နေ့ ငါးကြိမ်ကျွေးကြောင်း၊ နံနက်လေ့ကျင့်ခန်းမသွားမီ၊ လေ့ကျင့်ခန်းအပြီး၊ နေ့လယ်စာ၊ ညနေလေ့ကျင့်ခန်းမသွားမီ ညစာတို့ဖြစ်ကြောင်း၊ကစားသမားများ အဆင့်အတန်းမြင့်စွာနေထိုင်နိုင်ရေး၊ အာဟာရပြည့်ဝ စွာစားသောက်နိုင်ရေးတို့မှာ အရေးကြီးမှန်းသိ၍ မိမိတို့အဖွဲ့ချုပ်များစွာပံ့ပိုးလျက်ရှိကြောင်း" ပြောကြားသည်။

ထို့နောက် အမှုဆောင်ဦးခင်မောင်ကြိုင်က ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် "အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံအဖွဲ့ချုပ်မှ ပြိုင်ပွဲများနှင့်လွတ်အောင် ပြည်တွင်းပြိုင်ပွဲပွဲစဉ်များကို ရေးဆွဲထားကြောင်း၊ အဓိကမှာ အသင်းတိုင်းတွင် လူစုံပါဝင်နိုင်ရေးကို ရည်ရွယ်ကြောင်း၊စက်တင်ဘာလဆန်းမှာ စတင်ကျင်းပမည့် အမှတ်ပေးပြိုင်ပွဲကို တိုးတက်အောင်လုပ်ရန် ဥက္ကဋ္ဌအပါအဝင် အမှုဆောင်များ တိုင်ပင်ဆွေးနွေးခဲ့ကြောင်း၊ အားနည်းသည့် အသင်းငယ်များကို မည်သို့ပံ့ပိုးရမည်ဆိုသည်ကို စဉ်းစားခဲ့ကြကြောင်း၊ လာမည့်အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲကို တစ်ကျော့ခွဲကျင်းပရန် စီစဉ်ထားကြောင်း၊ ပွဲစဉ်အလိုက်ဆုကြေးများလည်း ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပထမအဆင့်တွင် အသင်းတိုင်း ပတ်လည်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ထိုပထမ အဆင့်တွင်(၁)မှ (၈)ရရှိသည့် အသင်းရှစ်သင်းက ဒုတိယအဆင့်တွင် အထက်အုပ်စုအဖြစ် ဒိုင်းလုရမည်ဖြစ်ကြောင်း၊ (၉)မှ (၁၆) ရရှိသော ရှစ်သင်းက အောက်အုပ်စုအဖြစ် အောက်တန်းမဆင်းရရေး ကန်ရမည်ဖြစ်ကြောင်း" ပြောကြားသည်။

## ပြိုင်ပွဲများ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဆက်လက် ကျင်းပမည့်ပြိုင်ပွဲများမှာ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားပြိုင်ပွဲ (ဇွန်၂၁ရက်မှ ဇူလိုင် ၁၀ရက်)၊ရောဝတီတိုင်း၌ကျင်းပမည့် အားကစားဝန်ကြီးဖလားပြည်နယ်နှင့်တိုင်း လူသစ်တန်းပြိုင်ပွဲ(ဇူလိုင် ၂၄ရက် မှ ဩဂုတ် ၈ရက်)၊ စက်တင်ဘာ ၁ရက်မှ စတင်မည့် အဆင့်မြင့်တန်း ပ၊ ဒု၊ တ တန်းအမှတ်ပေးပြိုင်ပွဲများ၊ (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ယူ-၁၇ ပြိုင်ပွဲ (စက်တင်ဘာ ၁၀ရက်မှ ၂၄ရက်အထိ)၊ ဝန်ကြီးဌာန အမျိုးသမီး ပတ်လည်ပြိုင်ပွဲ(အောက်တိုဘာ ၁၅ရက် မှ နိုဝင်ဘာ၁ရက်အထိ) ပြိုင်ပွဲများ ဖြစ်သည်။ (ကြေးမုံ)

❍ ကျောဖုံးမှ

ပထမပိုင်းတွင် နှစ်သင်းစလုံး ပုံမှန်ကစားကွက်ဖြင့်သာကစားနေ၍ ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေဖြစ်နေသည်။ ဒုတိယပိုင်းတွင် ချက်အသင်းက ကစားကွက်၊ ကစားအားကောင်းလာပြီး ပိုမိုတိုက်စစ်ဆင်ဖိကစားလာသည်။ဒုတိယပိုင်းပွဲအစ ၄ မိနစ်၌ ချက်အသင်း ထောင့်ကန်ဘောကန်ခွင့်ရရာ ပိုဘော့စကီးကန်တင်ပေးသည့်ဘောလုံးကို ယန်းခိုလာကခေါင်းတိုက်သွင်း၍ ပထမဂိုးရရှိသည်။

ချက်က ဆက်တိုက်ဖိကစားနေရာ ၆၃ မိနစ်နှင့် ၆၅ မိနစ်တို့၌ အင်္ဂလန်ပရီမီယားလိဂ် လီဗာပူးတွင် ကစားနေသူ တိုက်စစ်မှူး မီလန်ဘာရိုစ်က နှစ်ဂိုးဆက်တိုက်သွင်း၍ ချက်က ဒိန်းမတ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရသွားသည်။

ယူရို-၂၀၀၄ ကွာတားဖိုင်နယ်ပွဲစဉ်များပြီးစီးသွားပြီဖြစ်ရာ ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့၌ အကြိုဗိုလ်လုပွဲများကျင်းပမည်ဖြစ်သည်။

**အကြိုဗိုလ်လုပွဲများ**

**(၁-၇-၂၀၀၄) နံနက် ၀၁း၁၅ နာရီ**

**ပေါ်တူဂီနှင့်ဟော်လန်**

---

**(၂-၇-၂၀၀၄) နံနက် ၀၁း၁၅ နာရီ**

**ဂရိနှင့်ချက်**

(ကြေးမုံ)

# အင်းလေးဖောင်တော်ဦးဘုရားများနှင့် ရှေးဟောင်းရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်နှင့်စာအောင်ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းရုပ်ပွားတော်များအား စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲ၊ ၁၃၆၆ ခုနှစ် အစိုးရပထမပြန်စာမေးပွဲ စာအောင်သံဃာအပါး ၄၀ ဂုဏ်ပြုပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၄ ရက် (ပထမဝါဆိုလပြည့်ကျော်၃ ရက်) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြကုန်သော သံဃာတော်အပါး ၂၀၀ ကျော်တို့အား ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ ကပ်လှူပူဇော်မည်ဖြစ်ကြောင်းနှင့်လှူဒါန်းလိုသူများ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အကျိုးဆောင်အဖွဲ့ ဖုန်း-၆၉၉၁၆၃၊ ၆၃၅၉၇၆ နှင့် ၀၉-၅၀၁၁၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

# ဒီဂရီကောလိပ် ကျောင်းဆင်းပွဲ တက်ရောက်ခဲ့သော ကျောင်းသားမိဘများ လေ့လာရေးခရီးသွားရောက်

**ရန်ကုန် ဇွန် ၂၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် မန္တလေး) တို့မှ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံနှင့် အေဂျီတီအိုင် ဒီပလိုမာ ကျောင်းဆင်းပွဲတက်ရောက်ခဲ့သော ကျောင်းသားမိဘ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ စုစုပေါင်း ၁၆၅ဦးတို့သည် ယနေ့နံနက် ၈နာရီတွင် လောကချမ်းသာ အဘယလာဘ မုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြပြီး ရတနာဆင် ဖြူတော်နှင့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ မွန်းတည့်၁၂နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံသည်။ ထို့နောက်တိုင်းရင်းသားရိုးရာအိမ်များကိုကြည့်ရှုလေ့လာပြီး ဆက်လက်၍ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်း ရေလယ်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ အဆိုပါ ခရီးစဉ်တွင်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဗိုလ်မှူးသိန်းဌေးနှင့်တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ကြသည်။(သတင်းစဉ်)




# အရောင်းပြခန်းနှင့် ဆားဗစ်စင်တာဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

Nibban Electric & Electronics လုပ်ငန်း၏ အရောင်းပြခန်းနှင့် ဆားဗစ်စင်တာအသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် အမှတ်(၁၁၁)ဗိုလ်ရုံလမ်း လသာမြို့နယ်၌ ကျင်းပရာ Nibban Electric & Electronics လုပ်ငန်းပိုင်ရှင် ဦးသိန်းကြည်နှင့် ဒေါက်တာသန်းထိုက်တို့က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အရောင်းပြခန်းနှင့် ဆားဗစ်စင်တာအသစ်ကို လုပ်ငန်းပိုင်ရှင် ဦးသိန်းကြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က မင်္ဂလာအချိန်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**(အပေါ်ပုံ)**

Nibban Electric & Electronics လုပ်ငန်း၏ အရောင်းပြခန်းနှင့် ဆားဗစ်စင်တာအသစ်ကို ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော နိုင်ငံတကာအရည်အသွေးမီ တီဗီအင်တီနာများ၊ အင်ဗာတာများ၊ မီးအားမြှင့်စက်အမျိုးမျိုး၊ ဆေ့ဖ်ဂတ် အမျိုးမျိုးနှင့် ဘက်ထရီအားသွင်းစက်များကို တစ်နေရာတည်းတွင်အဆင်ပြေစွာ ရွေးချယ်ဝယ်ယူနိုင်ရန်အတွက် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ (သတင်းစဉ်)

# ဟာသဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဇွန် ၂၈**

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံးကာတွန်းနှင့် ဆရာသာဂဒိုး၊ ဆရာမင်္ဂလာစျင်အောင်၊ မြေဇာ၊ ဖိုးဉာဏ်၊ သန်လျင်မောင်မောင်ဦး၊ မြမြလှိုင်၊ ဆြာကြီးထိန်၊ မောင်ဉာဏ်ကျယ်၊ ဇပရယ်၊ ဏီမှူး၊ သုတေသီဆရာငြိမ်း၊ လေရူး၊ ခနလောက်ဇော်၊ သိန်းသိန်း(ကြို့ပင်ကောက်)၊ ကိုပါနီး၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင်သဘင်ပုံရိပ်တို့ဖြင့် ဟာသဂျာနယ် အတွဲ(၂) အမှတ်(၄၇)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိလိုက်သည်။ (က-ပ)

# စိန်နှင့်မြ ဦးကျော်မင်းအတွက် မွေးနေ့ဆုတောင်း

၂၉-၆-၂၀၀၄ရက်တွင် ကျရောက်သောမွေးနေ့မှနောင်နှစ်ပေါင်း ၁၀၀ကျော်တိုင် ချစ်သောမိသားစု၊ ဝန်ထမ်းများနှင့်အတူ ရာသက်ပန် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ချစ်ဇနီး** – ဒေါ်ခင်ပြုံးယဉ်(ခ)မငယ် (Director) Myanmar Sein & Mya Mattress Trading Co., Ltd.

**ချစ်သားကြီး** – ကိုမင်းထက် Final Part (I) M.B.,B.S Mdy, 1994 Fukuoka Japan

**ချစ်သမီးငယ်** – မကေသရီကျော် 1st M.B.,B.S

**စိန်နှင့်မြမွေ့ရာ ရန်ကုန်၊ မန္တလေးမှ ဝန်ထမ်းများ။**


**ရန်ကုန်မိုး**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

**ကားဝယ်လိုသည်**

လုပ်ငန်းသုံး ၁တန်ခွဲ (သို့) ၂တန်ကား။
အကျွရာနိမ့်
**ဖုန်း–၂၅၁၉၆၀၊ ၂၅၁၉၆၁ (ရုံးချိန်အတွင်း)**

MYANMAR SAT TAMAN
Ph: 09500-3459
704229 (Off)
610464 (Res)

# MONSOON SALES

ခရစ်(စ်)လိုက်

မိုးရာသီအထူးဈေးလျှော့ပွဲတော်

ကာလအတွင်း

Swarovski Crystal Chandelier
Decorative Lighting
Outdoor Lighting
Functional Lighting
Industrial Lighting

SALE
Special Price
Up To 80% OFF
(Selected items only)

From 25th June to 04th July 2004

Great Bargains! Great Saving!

HURRY DOWN!




WHILST STOCKS LAST!

မြန်မာတောင်း ထိုင်းရှင်းဆေးကုဒန်း

လိပ်ခေါင်း၊ ဂရင်ဂျီစတိုးနား (အကြောအချိုး)

(ဝိဇ္ဇာ ဆေးကုသေး) အမြန်ပျောက်ကင်းသည်

ကြိုးမွှေး
ရှမ် ဓါလားနှင့်မရဏကမ္ဘာ

ပိုင်ခဲ့နိုင်
မိုးသားသွေးသစ်


MK ချစ်သူများ၏

အားပေးမှုကြောင့်

(၁၀)နှစ်တာခရီးကို ချောမွေ့

အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့သဖြင့်

MK ချစ်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

MK FASHION SHOP

10th Anniversary 1994–2004

ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် **MK** ဖက်ရှင်ဆိုင်များသို့ ဇွန်လ(၁၉)ရက်မှ စတင်၍ လာရောက်အားပေးကြသော မိတ်ဆွေများအတွက် အထူးလက်ဆောင်များ စီစဉ်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**MK Fashion Shops (Yangon)**

ပြည်လမ်း • ဗိုလ်ချုပ်ဈေး • ရန်ကင်းစင်တာ • သုံးစင်တာ • Excel Shopping Mall

**MK Fashion Shop (Mandalay)** **MK Fashion Square (Mandalay)**

1994 2004

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်တက္ကသိုလ်ပင်မဆောင် ရတနာအုတ်မြစ်စီ အခမ်းအနားတက်ရောက်

ရန်ကုန်　ဇွန်　၂၈

**တနင်္သာရီတိုင်း ထားဝယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ထားဝယ်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ်ပင်မဆောင် ရတနာအုတ်မြစ်စီ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပင်မဆောင်အတွက် ရတနာအုတ်မြစ်ချပေးကာ မွန်းလွဲပိုင်းတွင် ထားဝယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစီမံပေးသည်။**



ထားဝယ်တက္ကသိုလ် ပင်မဆောင် ရတနာအုတ်မြစ်စီ အခမ်းအနားသို့ ထားဝယ်မြို့ရှိ အခြေခံပညာကျောင်းများမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသနေပြည်သူများ အပါအဝင် စုစုပေါင်း အင်အား ၇၀၀၀ကျော် တစ်ခဲနက် တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ထားဝယ်တက္ကသိုလ် ပင်မဆောင် ရတနာအုတ်စီ မင်္ဂလာအခမ်းအနား ပထမပိုင်း အစီအစဉ်ကို မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က ထားဝယ်တက္ကသိုလ်၏သမိုင်းအကျဉ်း၊ လက်ရှိ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြု ဘာသာရပ်များ၊ ကျောင်းသားဦးရေနှင့် မြို့နယ်အလိုက် ကျောင်းသားဦးရေ၊ အသုံးပြုလျက်ရှိသော အခန်းများ၊ IT Centre Room များ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ တည်ဆောက်ပြီး အဆောက်အအုံများ၊ တည်ဆောက်မည့် အဆောက်အအုံများနှင့် စပ်လျဉ်းသည်များကို View Pointer ဖြင့် ရှင်းလင်းတင်ပြသည်။

**ဖွဲ့စည်းပုံ**

ဆက်လက်၍ ထားဝယ်တက္ကသိုလ် ပင်မအဆောက်အအုံကို တာဝန်ယူတည်ဆောက်နေသော Ever Green Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက တည်ဆောက်မည့် ပင်မဆောင်၏ ဖွဲ့စည်းပုံ ပုံစံများကို ရှင်းလင်းတင်ပြသည်။

**စီမံကိန်း**

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်သန်းက ထားဝယ်တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်း၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အရေးကြီး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ခဲ့သော သမိုင်းစဉ်လာတွင် တိုင်းရင်းသားများအားလုံး စုစည်းညီညွတ်စွာ နေထိုင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သူ့ကျွန်ဘဝမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည့် သမိုင်းမှတ်တိုင်လည်းရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးကြောင်း။

**စည်းလုံးညီညွတ်**

ယနေ့ နိုင်ငံတကာအခြေအနေကို ပြန်ကြည့်လျှင် လူမျိုးရေးအရ၊ ဘာသာရေးအရ အစိတ်စိတ် အမြွှာမြွှာပြိုကွဲခဲ့ရသော နိုင်ငံများကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများ မပြိုကွဲဘဲ စည်းလုံးညီညွတ်ကြသော နိုင်ငံများ ရှေ့တန်းရောက် တိုးတက်ဖွံ့ဖြိုးနေသည်ကိုလည်း တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

**အချုပ်အခြာအာဏာ**

ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းညီညွတ်သော စွမ်းပကားဖြင့် အရှိန်အဟုန်မြင့်စွာ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ရာ မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားများဖြင့် ဆက်လက် ကြိုးပမ်းတည်ဆောက်ကြရန် ဖြစ်ကြောင်း။

**အိုင်တီနည်းပညာ**

ယနေ့ခေတ်သည် Knowlage Age ခေါ် ပညာခေတ်သို့ ရောက်ရှိနေပြီဖြစ်၍ ပညာခေတ်၏ စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ မိမိတို့အနေဖြင့် တိုးတက်ထွန်းကားနေသော နည်းပညာများကို မီအောင် မလိုက်နိုင်လျှင် သူတစ်ပါးတို့၏ ဝါးမျိုမှုကို ခံကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိဉာဏ်ပညာ ပွင့်လင်းရေး၊ Information Technology ခေါ် အိုင်တီနည်း ပညာရပ်များ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အသုံးချနိုင်ရေးတို့အတွက် နည်းပညာရှာမီနိုင်မှုဆိုင်ရာ အစီအမံများကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တိုးချဲ့**

ထို့အတူ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများကို ဒေသလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အဆင့်မြှင့်တင် တိုးချဲ့လုပ်ဆောင်ပေးလျက်ရှိကြောင်း။

**မွေးထုတ်ပေး**

ယခုအခါ ထားဝယ်တက္ကသိုလ် ပင်မဆောင်နှင့် အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ တနင်္သာရီတိုင်းတွင် မြိတ်တက္ကသိုလ်နှင့် ထားဝယ်တက္ကသိုလ်တို့ကို ဖွင့်လှစ်ပေးထားသဖြင့် တိုင်းအတွင်းတွင် တက္ကသိုလ်ပညာရပ်များကို အချိန်ကုန်၊ ငွေကုန်မဖြစ်စေဘဲ သင်ယူနိုင်ကြပြီဖြစ်ကြောင်း၊ ထိုတက္ကသိုလ်ကြီးများမှ အရည်အချင်းပြည့်ဝသော နိုင်ငံ့မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးတော့မည်ဟု ယုံကြည်ကြောင်း။

**လူရည်ချွန် လူရည်မွန်**

ဒုတိယပါမောက္ခချုပ် အပါအဝင် ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံအတွက် အရည်အသွေးပြည့်ဝသော မျိုးဆက်သစ် လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများကို လက်ဆင့်ကမ်း ပညာအမွေပေးခြင်း၊ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်အောင် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးကိုချစ်သော ဝံသာနုရက္ခိတဟူသော အမျိုးသားရေးစိတ်ဓာတ်တို့နှင့်အတူ ကိုယ်ကျင့်သိက္ခာ ဖြူစင်ရိုးသား၍ ထကြွလုံ့လရှိသော၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်သိရှိသော လူရည်ချွန်လူရည်မွန်များ ဖြစ်လာအောင် ကြိုးစားမွေးထုတ်ပေးကြပါဟု မှာကြားလိုကြောင်း။

**အလေးထားကြိုးစား**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အကျိုးစီးပွားကို မိမိတို့၏ အသိပညာ အတတ်ပညာတို့ဖြင့် ဖန်တီးဖော်ဆောင်နိုင်အောင် သင်ကြားသည့် ဘာသာရပ်များကို အပတ်တကုတ် လေ့လာဆည်းပူးကြရန်နှင့် ကိုယ်ကျင့်သိက္ခာ မြင့်မြတ်တည်ကြည်ပြီး အမျိုးဂုဏ် ဇာတိဂုဏ်ကိုမြှင့်တင်ကြကာနိုင်ငံတော်က လိုလားသော အရည်အချင်းပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်အောင် အလေးထား ကြိုးစားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် Ever Green Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ထားဝယ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများ အဆင့်လိုက် လစဉ်ချီးမြှင့်ငွေ တစ်နှစ်စာအတွက် ငွေကျပ် ၁၈၆၉၆၀၀၀ ကို ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးထံ ပေးအပ်လှူဒါန်းသည်။

**ပညာရေးရန်ပုံငွေ**

ထို့အတူ မြိတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးကျားမောင်က ၎င်းအပါအဝင် မြိတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များက ထားဝယ်တက္ကသိုလ် ပညာရေးရန်ပုံငွေအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားပထမပိုင်းအစီအစဉ်များကို ရပ်နားသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် ထားဝယ်တက္ကသိုလ် ပင်မဆောင် ရတနာအုတ်မြစ်စီခြင်း အစီအစဉ်ကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များက ရတနာ အုတ်မြစ်စီမည့် သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။

**နဝရတ်ကိုးပါး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရတနာကိုးပါး ငွေကြုတ်ကို အုတ်မြစ်တော် အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးပြီး မင်္ဂလာအခါတော်ပေးဆရာကြီး ဦးကျော်က မင်္ဂလာအခါတော်ကြားလျှင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ထားဝယ် တပ်နယ်မှ ဗိုလ်မှူးကြီးကျော်အောင်၊ ရဲမှူးချုပ်ဝင်းစိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးနှင့် Ever Green Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးသန်းရွှေတို့က သတ်မှတ်နေရာ အသီးသီး၌ နဝရတ်ကိုးပါး ရတနာအုတ်များကို စီပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မော်ကွန်းကမ္ပည်းကျောက်စာကို အုတ်မြစ်တော်များတွင် ဖုံးအုပ်ပေးပြီး အမွှေးနံ့သာ ပက်ဖျန်းသည်။

**အထိမ်းအမှတ်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ထားဝယ်တက္ကသိုလ် ပင်မဆောင်ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထားဝယ်မြို့ရှိ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကို ဆွေးနွေးညှိနှိုင်းပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစီမံပေးသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အရည်အသွေးကောင်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထားဝယ်ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ထားဝယ်ခရိုင်အတွင်း ရော်ဘာစိုက်ဧက နှစ်သိန်းပြည့်မီရေး၊ အရည်အသွေးကောင်း ရော်ဘာထုတ်လုပ်၍ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားကြရေးတို့ကို အသေးစိတ်မှာကြားသည်။　(သတင်းစဉ်)

**ရတနာအုတ်မြစ်စီ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ထားဝယ်တက္ကသိုလ်ပင်မဆောင် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် ရတနာအုတ်မြစ်စီပေးစဉ်။**

(သတင်းစဉ်)

# မြစိမ်းရောင်စပါး စိုက်ပျိုးမှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး(ရုံးချုပ်)၏ မြစိမ်းရောင်စပါး စိုက်ပျိုးမှုနည်းပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် အဆိုပါရုံးချုပ် ညီလာခံခန်းမ၌ကျင်းပသည်။

**ကြိုးပမ်း**

သင်တန်းဖွင့်ပွဲတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လယ်တစ်ဧကလျှင် စပါးတင်း ၁၀၀ ထွက်ရှိရေး မြစိမ်းရောင်အထွက်တိုး မျိုးစပါးနှင့် နည်းပညာများ ပြည်နယ်နှင့်တိုင်းများတွင် စံပြစိုက်ပျိုး တိုးချဲ့ပြန့်ပွားရေးတို့ကို ရည်မှန်းချက်ထားရှိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း သင်တန်းသား ၉၃ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ် လေပြင်းဒဏ်ခံရသူများအတွက် အလှူငွေများပေးအပ်

**ရန်ကုန် ဇွန် ၂၈**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်၊ လေပြင်းဒဏ်ခံကြရသူများအတွက် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းက အလှူငွေများ ပေးအပ်ပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် အရာထမ်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အရာထမ်းများ တက်ရောက်ကြသည်။

**လက်ခံ**

အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းရခြင်းကို ပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးထံ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး Dr. Su Weong Yang က အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀ ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။　(သတင်းစဉ်)

# မူလတန်းလွန်ကျောင်းနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ် နိပ္ပန်ဖောင်ဒေးရှင်းနှင့် ကျေးလက်ပြည်သူများ ပူးပေါင်းဆောက်လုပ်

**လှိုင်လင် ဇွန် ၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နိပ္ပန်ဖောင်ဒေးရှင်း၊ အထူးဒေသ(၆)နှင့် ကျေးလက် ပြည်သူများ ပူးပေါင်းဆောက်လုပ်သော အခြေခံပညာ မူလတန်းလွန်ကျောင်းနှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက လှိုင်လင်အရှေ့ကျေးရွာအုပ်စု လွယ်မုံမိုင်းရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးအေးမောင်ကြည်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရန်ဟေး၊ နိပ္ပန်ဖောင်ဒေးရှင်းအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာ ဆကိုင်းဆိုက်တို တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ လေးခန်းတွဲ အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ကျပ် ၉၂သိန်းကျော် ကုန်ကျခဲ့သည်။

ထို့အတူ ဇွန် ၈ရက် မွန်းလွဲ ၂နာရီက ပင်လုံမြို့နယ်ခွဲ ပန်မုန့်ကျေးရွာအုပ်စု လွယ်တပ်ရွာ အခြေခံပညာမူလတန်းကျောင်း၌ ငွေကျပ် ၁၂၄ သိန်းတန် ကျောင်းဆောင်သစ်ကိုလည်းကောင်း၊ ဇွန် ၉ ရက်က ပန်မုန့်ကျေးရွာအုပ်စု ဝမ်အဲန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ငွေကျပ် ၈၇ သိန်းတန် ကျောင်းဆောင်သစ်ကိုလည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် ဆဟောင်းကျေးရွာအုပ်စု လွိုင်ကန်ကျေးရွာ အခြေခံမူလတန်းကျောင်း၌ ငွေကျပ်၁၀၇ သိန်းတန် ကျောင်းဆောင်သစ်ကို လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

**(မြို့နယ်ပြန်/ဆက်)**



**သဲကုန်းမြို့နယ် ဝက်ပုတ်ကျေးရွာ ကျေးလက်အိမ်ရာများရှေ့တွင် အဖွဲ့မှ ဆောင်ရွက်ထားသော ရေဂါလန် ၄၀၀ ဆံ့ အုတ်ရေကန်မှ ကျေးလက်ပြည်သူများ သန့်ရှင်းသောရေရရှိသုံးစွဲနေမှုကို ဇွန် ၂၀ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့်အဖွဲ့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ပညာပေးပြခန်း ဖွင့်လှစ်ပွဲကို ဇွန် ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မိုးအောင်နှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (၂၄၇)

## ယာဉ်အန္တရာယ် ကင်းရှင်းရေးဟောပြော

**ပုသိမ် ဇွန် ၁၈**

ယာဉ်တိုက်မှုအန္တရာယ် ကင်းဝေးရေးအတွက် ဧရာဝတီတိုင်း ရဲတပ်ဖွဲ့၊ တိုင်းမော်တော်ယာဉ်ထိန်း တပ်ဖွဲ့၊ တာဝန်ခံ ရဲအုပ်ဦးတင်ဖေဝင်းက ဇွန် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် ရှေးဦးစွာ ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်နွယ်အေးက အမှာစကားပြောကြားပြီး မော်တော်ယာဉ်ထိန်း ရဲတပ်ဖွဲ့ တာဝန်ခံ ရဲအုပ်တင်ဖေဝင်းက ယာဉ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောသည်။

**ဆက်လက်ကျင်းပ**

အလားတူ ဟောပြောပွဲများကို ပုသိမ်မြို့ပေါ်ရှိ စာသင်ကျောင်းများတွင် ဆက်လက်ကျင်းပသည်။

**(၁၆၅)**

## မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပ

**စဥ့်ကိုင် ဇွန် ၂၀**

၂၀၀၄ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပွဲတော်ကို စဥ့်ကိုင်မြို့နယ် အကျဉ်းဦးစီးဌာန အဝင်လမ်း၌ ကျင်းပရာ ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်လှိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

**(မြို့နယ်ပြန်/ဆက်)**

**မြို့နယ် သတင်းများ**



**ဇွန် ၁၀ ရက်က ပြုလုပ်သော မြဝတီခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ငွေကျပ်သိန်း ၁၀၀ ကျော်တန် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် အသင်းဥက္ကဋ္ဌ ဒေါ်အေးက ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဒေါ်လှလှသန်းက လက်ခံယူစဉ်။** (ခရိုင်ပြန်/ဆက်)

# ဝမ်းတွင်းမြို့နယ်တွင် သစ်ပင်စိုက်ပွဲကျင်းပ

**ဝမ်းတွင်း ဇွန် ၁၀**

ဝမ်းတွင်းမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၇ ရက် နံနက် ၆ နာရီက ဝမ်းတွင်းမြို့ မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၃၅၉/၆) မှ (၃၆၁/၅)အထိ ဆောင်ရွက်ခဲ့ရာ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ လိန်ပင်နှင့် မြေတိုင်ကန် ကျေးရွာအုပ်စုများမှ ပြည်သူများ စုစုပေါင်း အင်အား ၄၀၀ကျော်တို့သည် ကုက္ကို၊ မဲဇလီ၊ တမာ ပျိုးပင်ပေါင်း ၃၇၀၀ကျော် စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပွဲတော်သို့ မြို့နယ်ဥက္ကဋ္ဌဦးတင်ဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြစိုး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**



**ဇွန် ၁၅ ရက်က ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို မြို့နယ်ခန်းမ၌ကျင်းပရာ ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၅၀၃၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်သို့ ပေးအပ်စဉ်။** (မြို့နယ်ပြန်/ဆက်)

## ပန်းအလှပင်များ စုပေါင်းပျိုးထောင်စိုက်ပျိုး

**မိုးညှင်း ဇွန် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့ ပန်းမြို့တော်တည်ဆောက်ရေးစီမံချက်အရ မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးပျိုးဥယျာဉ်တွင် ဦးစီးအရာရှိဒေါ်ငွန်ကီး ဦးဆောင်ပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းပျိုးအိတ်ထည့်ခြင်း၊ မြေဆွေးများထည့်၍ ပန်းအလှပျိုးပင်များ ပျိုးထောင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့က ကြီးကြပ်ဆောင်ရွက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ငွေကျပ် ၂၆ သိန်း အကုန်အကျခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **(ပြည်နယ်စည်ပင်)**

## ကြီးကြပ်ဆောင်ရွက်

**ဇွန် ၁၅ ရက်က ဖလမ်းမြို့ သာယာလှပစေရေးအတွက် မြို့ဝင် မြို့ထွက်များတွင် စည်ပင်သာယာရေးအဖွဲ့က ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးများပြုလုပ်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးတမ်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းလှိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (က-ပ)

## ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

**ကျောင်းကုန်း ဇွန် ၂၀**

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းသားသမီးများ၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်စန်းက ဝန်ထမ်းမိသားစုများ၏ သားသမီး၇၅ဦးတို့အား ပညာသင် ထောက်ပံ့ကြေး ငွေကျပ် ၆၇၉၀၀ကို ဝန်ထမ်းများကိုယ်စား မြို့နယ် ဒုတိယဦးစီးမှူး ဦးဆန်းမြင့်က လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**



## ကျောင်းသားများအတွက် ဗလာစာအုပ်များလှူဒါန်း

**နွားထိုးကြီး ဇွန် ၁၉**

နွားထိုးကြီးမြို့နယ် ကျောင်းနေအရွယ် ကျောင်းသားများအတွက် ကျပ် ၁၂သိန်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၉၀၀ ပေးလှူဒါန်းပွဲကို ဇွန် ၉ ရက်က မြို့နယ်ပညာရေးမှူးရုံး စည်းဝေးဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီတို့က ဗလာစာအုပ် ၁၂သိန်းကျော်ဖိုး လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်မြို့နေ အလှူရှင် ဦးသိန်းထွန်းအောင်၊ ဦးမြတ်ဌေးလင်းတို့ကိုယ်စား ဦးသိန်းထွန်းအောင်က မြို့နယ်ပညာရေးမှူးသို့ ဗလာစာအုပ်များ လှူဒါန်းသည်။

နွားထိုးကြီးမြို့နယ်အတွင်းရှိ အထက၊ အလက၊ အမကကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်း ၇၉ ကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၁၉၀၀ နှင့် ကျောင်းသုံးစာအုပ်များကို ကျောင်းအုပ်ဆရာ၊ ဆရာမကြီး ငါးဦးသို့ အလှူရှင် ဦးသိန်းထွန်းအောင်ကပေးလှူပြီး ကျောင်းများကိုယ်စား မြို့မအလက ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။ **(၉၅)**

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်-၅၄/ဘီ၄နေ ဦးအောင်သိန်း(ဒု-အထွေထွေမန်နေဂျာ၊ မြို့ပြ၊ မြန်မာ့မီးရထား-ငြိမ်း)-ဒေါ်ခင်သန်းအေးတို့၏ တစ်ဦးတည်းသောသား

**မောင်နိုင်ထွန်းအောင်(နိုင်နိုင်)**

**(Dip.in E.C.C Nanyang Polytechnic**
**1st year Electronics, National University of Singapore)**
**Associate Engineer Chartered Semiconductor Manufacturing, Singapore**

**နှင့်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၇၀)၊ မာလာမြိုင်(၄)လမ်းနေ ဦးသန်းဖေ(ဦးစီးအရာရှိ-လဝက၊ ငြိမ်း)-ဒေါ်သန်းမြင့်တို့၏ တစ်ဦးတည်းသောသမီး

**မမြအိန္ဒြာနွယ်**

**(Dip.in Nursing)**
**(Asst.Nurse,National Kidney Foundation, Singapore)**

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ Singapore Registries of Marriages တွင် ၂၉-၅-၂၀၀၄နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်နိုင်ထွန်းအောင်-မမြအိန္ဒြာနွယ်။**

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

**မကေခိုင်ဇော်** B.E(E.P)(လက်ထောက်ကထိက)နည်းပညာကောလိပ် (မော်လမြိုင်)၏ ၂၉-၆-၂၀၀၄ရက်နေ့တွင် ရောက်ရှိသော (၂၃)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်အောင် လုပ်ငန်းဆောင်တာအဝဝ အောင်မြင်ပါစေကြောင်းနှင့် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ---။

**ဖေဖေ၊ မေမေ -ဒုတိယဗိုလ်မှူးကြီးလှထွန်း၊ ဒေါ်မိမိလေး**
**ကိုကြီး - ကိုဟိန်းဇော် B.A(မြန်မာစာ)(ခေတ္တ-တောင်ကိုရီးယား)**
**ကိုလတ် - ဗိုလ်ကြီးချစ်ဇော်(လေ) B.E (စက်မှု)**
**ကိုလေး - ကိုဝသုန်ဇော်(စစစ)မော်လမြိုင်**
**မောင်လေး-ရန်လင်းအောင်။**

# Tender for 4WD Station Wagon

GRET-Agriculture and Food Security project in North of Rakhine State of Myanmar seeks to rent the following vehicles, through competitive bids.

**4WD Station Wagon** **2 units**
(minimum 7 to 10 seater)
Diesel Engine

These vehicles will be based in Maungdaw, Rakhine State.

Tender application should be submitted to GRET Yangon office by 2nd July 2004.

For detailed tender conditions, please contact GRET Yangon office at the following address 24(L), Nat Mauk Avenue Street, Kokine, Bahan Tsp, Yangon. Ph. 540694, 545912.

# NPE

**စာပေမြတ်နိုးသူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်**

* မေတ္တာမြို့လွမ်း ဘေးချမ်းသာယာ ပြည်မြန်မာနှင့် အခြားဆောင်းပါးများ
* ဘုရားစကားလိုက်နာပူဇော်မှုနှင့် အခြားဆောင်းပါးများ
* မြန်မာ့ဦးစွန်း-မြန်မာ့မော်ကွန်း
* သမိုင်းတွင်သမိုင်းတင်မည့် ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ-အင်္ဂလိပ်)
* နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏အောင်ပွဲများ
* ဒေါ်စုကြည် အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (မြန်မာ-အင်္ဂလိပ်)
* မှန်နန်းရာဇဝင်(ပ+ဒု+တတွဲ)
* ပြည်ထောင်စုအရေးမျှော်တွေးလို့ မြင်စေချင်နှင့် အခြားဆောင်းပါးများ
* တပ်မတော်သမိုင်း (အတွဲ ၁-၈) အထိ
* ဇာတ်တော်ကြီး ၁၀ ဘွဲ့(မြန်မာ-အင်္ဂလိပ်)
* ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ(မြန်မာ-အင်္ဂလိပ်)
* မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ(မြန်မာ-အင်္ဂလိပ်)
* ရခိုင်ပြည်နယ် ဝေါ်လေးရပ်ရှိ ရှေးဟောင်းစေတီပုထိုးများ(မြန်မာ-အင်္ဂလိပ်)
* အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်
* တိုင်းတစ်ပါးကျူးကျော်မှုအောက် ခံစားနေရသောအီရတ်ပြည်သူများ
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်
* အမေရိကကို လူတွေဘာကြောင့်မုန်းနှင့် စာပေကောင်းမျိုးပေါင်း ၁၀၀၀ကျော်ကိုတစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။
(လက်ကျန် အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၉၄၃၀၆




# အမည်မှန်

ပဲခူးမြို့၊ အထက(၂)၊ ဒသမတန်း (F)မှ မောင်လေးမြ၏ အမည်မှန်မှာ မောင်ရန်နိုင်စိုးဖြစ်ပြီး၊ အဘအမည်မှန်မှာ ဦးကျော်မြဖြစ်ပါသည်။

# (၆)နှစ်ပြည့်အလွမ်း

၂၉-၆-၁၉၉၈ မှ ၂၉-၆-၂၀၀၄

**ကိုသန်းထွန်းညွန့်(ကိုတူး)**

**အသက်(၄၃)နှစ်**

တစ်ဦးတည်းသောသား၊ အမေ့အားမို့ အနိုင်းမဲ့ရင်ခွင်၊ စားထိုးမဝင်ဘူး နှစ်စဉ်နှစ်တိုး၊ ဇွန် ၂၉ကို အမေ့တစ်သက်၊ မကြုံချင် သားတွက်ရည်စူး၊ ကုသိုလ်ထူးကို ကောင်းရာဘုံမှ သာခုခေါ်---။

**အနန္တမိခင်-ဒေါ်အေးအေးသန်း**
**သားများ-ဖြိုးထွင့်ဦး၊ နေမင်းထွင့်။**

ဘွဲ့ရဆရာဝန် ...

- ... 
- ...

**ဓဲ့ဓဲ့ ရှင်ဆိုင် ဖြတ်သန်း**

**ချစ်နိုင်(စိတ်ပညာ)**

# ညောင်ဦးမြို့နေ ဦးမြင့်ဆွေ[၉/ ညဥန(နိုင်)၀၀၃၆၀၄] နှင့် ဇနီး ဒေါ်အမာ (PGN-၀၉၉၉၅၀)တို့သိစေရန်

# သတိပေးကြော်ငြာချက်

ကျွန်မ၏မိတ်ဆွေ ဒေါ်ဥမ္မာမော် (ISN-၅၆၂၂၂၉)ထံမှ လူကြီးမင်းတို့ (၂)ဦးသည် လူကြီးမင်းတို့ ပိုင်ဆိုင်သော အကွက်အမှတ်(၁၄)၊ ကန်ရိပ်သာရပ်ကွက်၊ အမှတ်(၂)နယ်မြေ၊ လှည်းတန်းရပ်၊ ညောင်ဦးမြို့ရှိ ဂရန်မြေဧရိယာ(၀ ဒသမ ၀၄၃) ဧကရှိ ဦးပိုင်အမှတ်(၅)ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံ အကျိုးခံစားခွင့်အားလုံးကို တန်ဖိုးငွေကျပ်သိန်း(၁၅၀)ဖြင့် ၂၁-၃-၂၀၀၂ရက်စွဲပါ စရန်ငွေပေးချေခြင်း ကတိစာချုပ်၊ ၄-၇-၂၀၀၂ရက်စွဲပါ အပြီးအပိုင် အရောင်းအဝယ် စာချုပ်များချုပ်ဆို၍ ငွေများအပြေအကျေ ပေးအပ်လက်ခံပြီးသော်လည်း ယခုအချိန်ထိ မရိုးမဖြောင့်သော သဘောဖြင့် မြေဂရန်မူရင်း၊ မြေနှင့်အိမ်တို့အား လက်ရောက်အပ်နှံခြင်းမရှိဘဲ ရှောင်တိမ်းလျက်ရှိနေပါသဖြင့် ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လက်ရောက်အပ်နှံပါရန်နှင့် ပျက်ကွက်ခဲ့ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူတော့မည်ဖြစ်ကြောင်း သတိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြသင်း L.L.B တရားရုံးချုပ်ရှေ့နေ(၄၇၈၀)**
**အမှတ်(၅၂)၊ (၇)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၂၁၈၉၆။**

# အများသိစေရန်

The Mohamed Ahmed Aicha Waqf ...

**ဦးအုန်းမြိုင် (...)**

# စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**၂၂၈၊ သိမ်ဖြူလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။**






**လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ**

**ဇွန် ၂၈ရက်က အမျိုးသား ညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။**

(သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

# အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၅/၂၀၀၄)ကျင်းပ

ရန်ကုန် ဇွန် ၂၈

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁၅/၂၀၀၄) ကို ယနေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**

**တက်ရောက်**

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်တွဲဖက် အတွင်းရေးမှူး(၂)၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကား ပြောကြားရာတွင်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- **✳** နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာနိုင်ငံတွင် ဘောလုံးအကယ်ဒမီ ထူထောင်မည် ဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များ ရှင်းလင်း

**သတင်းဆောင်းပါး –ညီညီစိုးညွန့်၊ ဓာတ်ပုံ –စိုးညွန့်(ကြေးမုံ)**

ရန်ကုန် ဇွန် ၂၈

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ရှေ့ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဇွန် ၂၇ရက် နံနက် ၁၀နာရီတွင် အမျိုးသားအားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို၊ အတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ အားကစားကလောင်ရှင်များ တက်ရောက်ကြသည်။**

အသစ်တဖန် ပြန်လည်ဖွဲ့စည်းထားသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ မြန်မာ့ဘောလုံး တိုးတက်ရေး လုပ်ကိုင်ဆောင်ရွက်နေပုံများကို မီဒီယာများမှတစ်ဆင့် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❐

**ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ နောက်ဆုံးကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်အဖြစ် ချက်အသင်းနှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချက်တိုက်စစ်မှူး မီလန်ဘာရို့စ်က ချက်အသင်းအတွက် တတိယဂိုး သွင်းယူစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# ချက်က ဒိန်းမတ်ကိုနိုင် အကြိုဗိုလ်လုပွဲတက်

**ရန်ကုန် ဇွန် ၂၈**

ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ နောက်ဆုံးကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်ကို ယနေ့နံနက် ၁နာရီ၁၅မိနစ်က ပေါ်တူဂီနိုင်ငံတွင် ဆက်လက်ကျင်းပရာ ချက်အသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍